# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957

e – paper ဖတ်ရှုရန်


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသောဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 14 September 2026 ၁၂၃၀၁


## ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းတွင် ဓာတ်အားယူနစ်ပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးနှင့် AMI စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်အစုအဖွဲ့ဖြင့် Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးနေမှု၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ MOGE GIS ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





## တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်း ၄၀၁၆၀၅ ဧကစိုက်ပျိုး စုစုပေါင်းအထွက်နှုန်း တန် ၂၈၆၄၀ ထုတ်လုပ်နိုင်

မြိတ် စက်တင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်း ၄၀၁၆၀၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အသီးခူးဧကအနေဖြင့် ၁၇၃၉၂၆ ဧကမှ စုစုပေါင်းအထွက်နှုန်း တန် ၂၈၆၄၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းစိုက်ပျိုးအောင်မြင်နိုင်သည့် ရေ၊မြေ၊ရာသီဥတု အနေအထားကြောင့် ပြည်တွင်းသာမက ပြည်ပကုမ္ပဏီများက ဆီအုန်းစိုက်ပျိုးမှုတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီး၌ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ခန့်မှစတင်ကာ ဆီအုန်းစိုက်ပျိုးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

**ယနေ့ ဖတ်စရာ**


**အလုပ်သမားဆေးရုံ (ထန်းတပင်)၌ ကျောက်ကပ် သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်လျက်ရှိ**

စာမျက်နှာ » ၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၉၅ တန်ကို စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်**

စာမျက်နှာ » ၄

**တရားမဝင် ဓာတ်အား ရယူသုံးစွဲမှုကို ရှောင်ကြဉ်ကြပါစို့**


ဆောင်းပါး စာမျက်နှာ » ၆


## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန် တက်ရောက်လေ့လာနိုင်

ညောင်ဦး စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလေ့လာရေးရောက်ရှိခဲ့ပါက သဘာဝကိုအခြေခံသည့် တောက်တက်ခရီးစဉ်ပါတက်ရောက်နိုင်ပြီး တုရင်တောင်တန်း၏ တောင်ဘက် သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်ကို လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✣



သက်စိုးတောင်ပေါ် ကျောက်ရေကန်သို့ လာရောက်လေ့လာနေကြသူများကို တွေ့ရစဉ်။



## ကန့်ဘလူမြို့နယ်၌ မိုးစပါးဧကတစ်သိန်းကျော် စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီရေး ဆောင်ရွက်လျက်ရှိ

ကန့်ဘလူ စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်တွင်းစားရေရိက္ခာ ဖူလုံစေရေးအတွက် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၃၇၆၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ဧက ၁၀၂၅၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

ကြေးမုံ

# လိမ်လည်မှုထောင်ချောက်သတိပြု ဘေးကင်းလုံခြုံမှုကိုတည်ဆောက်

လူကုန်ကူးမှုသည် အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာများကို ကြီးမားစွာထိပါးဖျက်ဆီးနေသည့်အန္တရာယ်ဖြစ်သည်။ လူသားများကို ခြိမ်းခြောက်နေသည့် လူကုန်ကူးမှုအန္တရာယ်ကို ကမ္ဘာ့နိုင်ငံများက နိုင်ငံဖြတ်ကျော်မှုခင်းများအဖြစ် တိုက်ဖျက်လျက်ရှိသည်။ ခေတ်ရေစီးကြောင်းပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့်အတူ မျက်မှောက်ကာလတွင် ဒုစရိုက်သမားများက လူကုန်ကူးမှုကို ဆန်းပြားသည့်ပုံစံအမျိုးမျိုးကျူးလွန်လာသည်ကို တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် ဆိုက်ဘာနည်းပညာကိုအသုံးချသည့် အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွယ်ဖြစ်ပေါ်လာသော အဓမ္မစေခိုင်းမှု လူကုန်ကူးမှုများသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအပေါ် စိန်ခေါ်မှုအသစ်များဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ဒုစရိုက်သမားများ၏ ထောင်ချောက်အတွင်းသို့ ရောက်ရှိသွားသူများကို အိမ်နီးချင်းနိုင်ငံများသို့ အဓမ္မလက်ထပ်ရန် လူကုန်ကူးခြင်း၊ အဓမ္မပြည့်တန်ဆာ ပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စများကို အဓမ္မပြုလုပ်စေခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထုတ်ယူရောင်းချခြင်း စသည့်အန္တရာယ်များကို လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ယခုအခါတွင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ များပြားလာသည်ကိုတွေ့ရမည်ဖြစ်သည်။ တရားမဝင်ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မစေခိုင်းခံရနိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း စသည့်အန္တရာယ်အခက်အခဲများကြုံတွေ့နိုင်သဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး လူသစ်စုဆောင်းခြင်းများ တရားမဝင်ပြုလုပ်နေသည်ကို ကြားသိနေရသည်။ ထိုသို့စုဆောင်းသူများကို အရေးယူဆောင်ရွက်ခဲ့ပြီး ပို့ဆောင်ခံရသူများကို ကူညီကယ်တင်ပေးနိုင်ခဲ့သည်။ ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သောဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် လူကုန်ကူးမှုအသိပညာပေးမှုများ ဆောင်ရွက်ပေးခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် အချက်အလက်များပေးပို့ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သွေးဆောင်ခေါ်ယူခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ဆန္ဒမပါဘဲ အတင်းအဓမ္မစေခိုင်းခြင်း စသည့်လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ နည်းပညာပိုင်းဆိုင်ရာအသုံးပြုပြီး အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ခြင်း၊ စိစစ်ဖော်ထုတ်ခြင်းနှင့်အရေးယူခြင်းတို့ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို ကာကွယ်နိုင်ရန် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ဇူလိုင်လ ၃၁ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် လူကုန်ကူးခံရသူများအား လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့်လည်းကောင်း၊ မိမိတို့၏ သဘောဆန္ဒအရလည်းကောင်း၊ အခြားသော အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိ၍ ဘေးဒုက္ခကြုံတွေ့နေရသော မြန်မာနိုင်ငံသားများ ဘေးမသီရန်မခဘဲ မိခင်နိုင်ငံသို့ ပြန်လာနိုင်ရေးနှင့် ရွှေ့ပြောင်းလုပ်သားများအနက် လူကုန်ကူးခံရနိုင်ခြေရှိသည့် ထိခိုက်လွယ်အုပ်စုများအား စိစစ်ဖော်ထုတ်ပြီး တိုက်ရိုက်အကူအညီပေးခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လူသားအရင်းအမြစ်များ အွန်လိုင်းလိမ်လည်မှုမှတစ်ဆင့် ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှု၊ အဓမ္မကျူးလွန်ခံရမှုများမဖြစ်စေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ" ဆိုသည့်အတိုင်း လူကုန်ကူးမှု၏ သားကောင်မဖြစ်စေရေးအတွက် လိမ်လည်မှုထောင်ချောက်ဆင် ကမ်းလှမ်းမှုများ၊ သတင်းအချက်အလက်များအား သေချာစွာစုံစမ်းလေ့လာပြီး လိမ်လည်လှည့်ဖြားသည့် ထောင်ချောက်များကို သတိပြုကာ မိသားစုနှင့်ပတ်ဝန်းကျင်ကို အသိပေးကာကွယ်ခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အတူတကွပါဝင်ပြီး ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်ကို တည်ဆောက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဘားအံမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိ ဦးကောင်းထက်ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) သင်တန်းဆင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောထွန်းထွန်းက သင်တန်းသားပြည်သူ ၅၀ တို့အား ရာဇသတ်ကြီးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတို့ကို ဆွေးနွေးပို့ချသည်။

အဆိုပါဆင့်ပွားသင်တန်းကို ဘားအံမြို့နယ်ဥပဒေရုံးမှ ကြီးကြပ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆင့်ပွားသင်တန်းများမှတစ်ဆင့် ရပ်ကွက်အတွင်းရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ပြည်သူများအနေဖြင့် အခြေခံဥပဒေများနှင့် သက်ဆိုင်ရာဥပဒေများကို ပိုမိုသိရှိနားလည်ပြီး ဥပဒေကို လေးစားလိုက်နာသည့် အသိပညာများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြောင်းမြမြို့၌ တောင်သူများလက်ဝယ်သို့ ဓာတ်မြေသြဇာများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**မြောင်းမြ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်ဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးကော်မတီက သီးနှံပေါ်ပေးစနစ်ဖြင့်ဝယ်ယူသည့်တောင်သူများလက်ဝယ်သို့ တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိရာ တောင်သူများအနေဖြင့် များစွာအထောက်အကူဖြစ်သည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ တောင်သူ ၂၈၀၊ စိုက်ပျိုးမြေဧက ၄၅၆၉ ဧကအတွက် ယူရီးယားဓာတ်မြေသြဇာ ၆၆၁၈ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာ ၄၅၃၂ အိတ် စုစုပေါင်း ဓာတ်မြေသြဇာအိတ် ၁၁၁၅၀ ကို တောင်သူများလက်ဝယ်သို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ရူပါ(ပြန်/ဆက်)




(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစောမြင့်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် ခုတင် (၃၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။

ခရိုင်(ပြန်/ဆက်)

## ၁၃ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# အလုပ်သမားဆေးရုံ (ထန်းတပင်)၌ ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၃

ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်) တွင် ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စက်များအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဆေးရုံ (ထန်းတပင်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်လက်ခံပြီး စက်များတပ်ဆင်ပြီးစီးမှုကို ကြည့်ရှုသည်။



လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမား နာတာရှည်ကျောက်ကပ်ရောဂါလူနာများအတွက် ကျောက်ကပ်သွေးသန့်စင်စက်ဖြင့် ဝန်ဆောင်မှုပေးခြင်းကို အလုပ်သမားဆေးရုံကြီး (မန္တလေး)တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နှင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တို့တွင် စတင်ဆောင်ရွက်ခဲ့ပြီး အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက်လေးလုံးဖြင့် တစ်လပျမ်းမျှလူနာဦးရေ ၂၆ ဦး အကြိမ်ရေ ၁၃၀ ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်လျက်ရှိရာ လူနာတစ်ဦးလျှင် တစ်ပတ်တစ်ကြိမ်သာ ကျောက်ကပ်သွေးသန့်စင်ပေးနိုင်သဖြင့် အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်၍ တိုးချဲ့ဝန်ဆောင်မှုပေးခြင်းဖြင့် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ရှိ စက်မှုဇုန်များမှ အာမခံအလုပ်သမားလူနာများ အနေဖြင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သို့ သွားရောက်ဆေးကုသရန် မလိုအပ်တော့ဘဲ အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်မည်ဖြစ်သည်။

အလုပ်သမားဆေးရုံကြီး (ရန်ကုန်) တွင် ဝန်ဆောင်မှု စတင်ဆောင်ရွက်ချိန်မှ ၈/၂၀၂၆ အထိ အာမခံအလုပ်သမားလူနာ ၅၃၀ ဆေးကြောသည့် အကြိမ်ရေ ၃၀၄၅ ကြိမ်နှင့် အလုပ်သမားဆေးရုံကြီး (မန္တလေး)တွင် အာမခံအလုပ်သမားလူနာ ၃၀၈ ဦး ဆေးကြောသည့်အကြိမ်ရေ ၂၅၄၂ ကြိမ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ လုပ်သားအင်အား ၄၄၄၃ ဦးဖြင့် လုပ်ကိုင်နေသည့် Wan He Garment Factory Co., Ltd.(သိုးမွှေးစက်ရုံ) သို့ သွားရောက်၍ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားများနှင့်တွေ့ဆုံ၍ အထည်အော်ဒါနည်းပါးမှုကြောင့် အင်အားလျှော့ချခဲ့သည့် အလုပ်သမား ၁၉၄ ဦးကို အနီးပတ်ဝန်းကျင်ရှိ စက်ရုံများတွင် အခက်အခဲမရှိ အလုပ်ရရှိစေရေး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ မှော်ဘီမြို့နယ်အတွင်းရှိ အခြားအထည်ချုပ်စက်ရုံ ၁၄ ရုံတွင် အလုပ်ခေါ်စာအရ လုပ်သားအင်အား ၃၀၀၀ ကျော် လိုအပ်နေပြီး စက်ရုံများမှ အလုပ်ပိတ်သိမ်းမှုများဖြစ်ပေါ်လာပါက အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ အလုပ်သမား ဥပဒေပါရပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် ဝန်ကြီးဌာနအနေဖြင့် ကူညီချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

### ☆ ဓာတ်အားခွဲရုံမှ

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ကလည်း ပဲခူးတိုင်းဒေသကြီး(အရှေ့) တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှိ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်အလိုက်တိုးတက်လာမည့် ဓာတ်အားသုံးစွဲလိုသူများအား ဓာတ်အားဖြန့်ဖြူးပေးရာတွင် အရည်အသွေးပြည့်မီသော ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ထုတ်လုပ်/ပို့လွှတ်/ဖြန့်ဖြူးရေး ဌာနများ အားလုံးပူးပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ညနေပိုင်းတွင် လှည်းကူးမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုးရေးရှင်း၏ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ (၁)မိုင် GIS ဓာတ်အားခွဲရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ❖ ရှေ့ဖုံးမှ

မြန်မာတစ်နိုင်ငံလုံးတွင် ဆီအုန်းစိုက်ပျိုးခြင်းကို တနင်္သာရီတိုင်းဒေသကြီးတွင်သာ စိုက်ပျိုးထားနိုင်ပြီး အများပြည်သူစားသုံးနိုင်သည့် ဆီထုတ်လုပ်မှု မပြုလုပ်နိုင်သေးကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ဧကလေးသိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး အများပြည်သူစားသုံးနိုင်မည့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီရရှိရန် ဆီချောစက်ရုံတစ်ခုကို တနင်္သာရီတိုင်းဒေသကြီးတွင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသည်။

“မြန်မာနိုင်ငံမှာ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်းမှာသာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ ဒီသီးနှံက အီကွေတာရဲ့ တောင်နဲ့မြောက်လတ္တီ ၁၀°C အတွင်း ကောင်းစွာဖြစ်ထွန်းတဲ့အတွက် မြန်မာပြည်တောင်ပိုင်းဖြစ်တဲ့ မြိတ်၊ ကော့သောင်း ဒေသတွေမှာ ဧကအမြောက်အမြားကို စီးပွားဖြစ်စိုက်ပျိုးထားပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

#### စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့

ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆီအုန်းစိုက်ဧက ၃၉၆၃၉၅ ဧက၊ အသီးခူးဧက ၁၇၈၂၃၈ ဧကနှင့် တစ်ဧကအထွက်နှုန်း ၃ ဒသမ ၄၇ တန် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။

ဒေသခံတောင်သူများနှင့် ကုမ္ပဏီများမှ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကို ထိထိရောက်ရောက်စိုက်ပျိုးလုပ်ကိုင်ပါက ဆီအုန်းစတင်စိုက်ပျိုးသည့်အချိန်မှစ၍ နောက်ငါးနှစ်လောက်ကြာသည့်အခါတွင် စီးပွားဖြစ်ဆွတ်ခူးနိုင်မည်ဖြစ်ပြီး နောက်ထပ်နှစ်ပေါင်း (၂၀) ကျော်ကြာသည်အထိ ဆီသီးခိုင်များ ထုတ်လုပ်နိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆီကြိတ်စက်ရုံများ လက်ရှိလည်ပတ်နေမှုမှာ ထားဝယ်ခရိုင်တွင် တစ်ခု၊ ဘုတ်ပြင်းခရိုင်တွင် နှစ်ခုနှင့် ကော့သောင်းခရိုင်တွင်နှစ်ခု စုစုပေါင်း ဆီကြိတ်စက်ရုံငါးခုရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

■

### ▲ ကန့်ဘလူမြို့နယ်မှ

အဆိုပါမိုးစပါးများကို ဇွန်လလယ်မှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးလာစေရန် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲနိုင်ရေးရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ကန့်ဘလူမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ကန့်ဘလူမြို့နယ်၌ မိုးစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်သက်ဆိုင်ရာ ဌာနဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စပါးမျိုးများအဖြစ် ဆင်းသုခ၊ ရွှေသွယ်ရင်၊ ရောမင်း၊ မနောသုခ၊ ပေါ်ဆန်းနှင့် အောင်နိုင်တိုး စသည့် စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၉၅ တန်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်

**မုံရွာ စက်တင်ဘာ ၁၃**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ (၂၀၂၅) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၉၅ တန်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဆန် ၉၅ တန်ကို ရေဘေးသင့် ပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။



ထို့ပြင် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ "စိုး"နို့ဆီနှင့် သဘာဝဒိန်ချဉ် စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ စစ်ကိုင်းစက်မှုဇုန်ရှိ Myanmar Step ဖိနပ်စက်ရုံတွင် ဖိနပ်အမျိုးမျိုး ထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ရော်ဘာလည်းရှည် ဖိနပ်အဟောင်းများအား Recycle နည်းဖြင့် ကုန်ကြမ်းပြုလုပ် သိုလှောင်ထားရှိမှု၊ စစ်ကိုင်းစက်မှုဇုန်ရှိ "မဟာနီလာ" နှစ်ဘီး၊သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံတွင် သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ် နောက်ခြေတင်တန်းများ၊ မော်တော်ဆိုင်ကယ် လက်ကိုင် ဘရိတ်ကိုင်းများနှင့် ဘရိတ်ရှူးများ ထုတ်လုပ်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဒေါပုံမြို့နယ်၌ မြို့နယ်သမဝါယမအသင်း အမှုဆောင်သစ် ရွေးချယ်

**ဒေါပုံ စက်တင်ဘာ ၁၃**

ဒေါပုံမြို့နယ်တွင် မြို့နယ်သမဝါယမအသင်း အမှုဆောင်သစ် ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေယမုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးဘုန်းနိုင်က အသင်း၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြီး အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူကြသည်။

ထို့နောက် အမှုဆောင်သစ် ရွေးချယ်ပွဲ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားကာ အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင် ခုနစ်ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို အမှုဆောင်သစ်များအဖြစ် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## ပုသိမ်မြို့အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။



**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူ များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပုသိမ်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေသည့် ရွှေစည်းခုံစေတီတော်၊ သစ်ပုတ်ကုန်းလမ်းဘေးဝဲယာတစ်လျှောက်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)တို့သို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လက်လုပ်တောင်စေတီနှင့် စေတီဝင်းအတွင်းရှိ ဘုန်းကြီးကျောင်းတိုက်၌ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး ဦးစီး၍ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ခွန်မျိုးမြရှိန်၊ ဦးစီး(ပထမတန်း)(ဦး၊ရေး၊ထောက်)ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

**အောင်ကို (ပုဗ္ဗသီရိ)**

✣ ညောင်ဦးမြို့နယ်မှ

တောင်ပေါ်မှာက သိမ်းငှက်၊ ချိုး၊ ယုန်၊ ကြောင်၊ဘုတ်ငှက်၊ချိုးလင်းပြာ၊ချိုးလည်ပြောက်၊ငှက်ခါး၊ပိန်ညင်းစသည့် ကျေးငှက်သတ္တဝါများ ပေါများခြင်းကလည်း ငှက်ကြည့်ဝါသနာရှင်များပါ တက်ရောက်လေ့လာသင့်သည့် ကျောက်ရေကန်ခရီးစဉ်ဖြစ်သည်။ ဒေသပေါက်ပင်များဖြစ်သည့် ထနောင်း၊ရှား၊ရှားစောင်း၊သမုန်း၊တမာ၊ထန်းပေါက်၊ နွားမဆေး၊ ဒဟတ်၊ သန်းပင်များကို ကျောက်ရေကန်သွားလမ်းတစ်လျှောက်၌ တွေ့ရှိနိုင်သည်။

ကျောက်ရေကန်ထဲ၌ QR ကုတ်နှင့်တူသည့်အမှတ်အသား နံရံမှာ ရေးထိုးထားသည်ကို တွေ့ရှိနိုင်သည်။ ငါးရုပ်၊ နဂါးရုပ်၊ မိကျောင်းရုပ်၊ ဟင်္သာရုပ်တို့ပါပြီး ကျောက်နံရံမှာ ပန်းချီပုံစံ ကျောက်ထွင်းပြီး ရေးထားသည်များကိုလည်း တွေ့ရှိလေ့လာနိုင်သည်။

ညောင်ဦးမြို့မှ တုရင်တောင်သို့ ၁ မိုင် ၇ ဖာလုံ ကွာဝေးပြီး တုရင်တောင်ပေါ် ဘုန်းကြီးကျောင်းရှေ့မှ စတင်ကာ မိနစ် ၃၀ (သို့မဟုတ်) ၂၅ မိနစ်ခန့် တောင်တက်ခရီးစဉ်ဖြစ်သည်။ ကျောက်ရေကန်သည် အလျားပေ ၈၀၊ အနံ ပေ ၈၀၊ အနက် ပေ ၃၀ခန့် ရှိ၍ အလွန်ထူးခြားသည့် ရေကန်တစ်ခုဖြစ်သည်။ အဆိုပါကျောက်ရေကန်၏တောင်ဘက်တွင် မြကန်နှင့် အနောက်တောင်ဘက်တွင် ရှေးဟောင်းမြို့တော် ပုဂံပြည်၏စေတီပုထိုးများ၊ ဧရာဝတီမြစ်နှင့် တန့်ကြည့်တောင်၏ တောင်စဉ်တောင်တန်းများသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား တစ်မူထူးခြားစွာ ဆွဲဆောင်နေသော ခရီးစဉ်သစ်တစ်ခုဖြစ်ကြောင်း သိရသည်။





သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်သို့ လာရောက်လေ့လာနေကြသူများကို တွေ့ရစဉ်။

သမိုင်းပညာရှင်အချို့က ၎င်းကျောက်ရေကန်သည် ပုဂံမင်း နေပြည်တော်သို့ ချီတက်လာမည့်အရပ်လေးမျက်နှာမှ ရန်သူများကို တိုက်ခိုက်ရန်အတွက် ရှေ့တန်းတပ်စခန်းတစ်ခုဖြစ်ပြီး စစ်ရေးအရ အလွန်အရေးကြီးသည့် ဆင်တပ်၊ မြင်းတပ်များ စခန်းချရာ တပ်စခန်း တစ်ခုအဖြစ် အသုံးပြုခဲ့သည်ဟု သိရသည်။သက်လူမျိုးများနေထိုင်သည့် တောင်တစ်ခုဖြစ်၍ ၎င်းတောင်ကို သက်စိုးတောင်ဟုလည်း ခေါ်ကြောင်း သိရသည်။

**ဒီပါလင်း**

# ကချင်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများသယ်ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေး



**မြစ်ကြီးနား စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အဆင်ပြေစွာ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးမှ ဝယ်ယူသယ်ဆောင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ယခုဘဏ္ဍာနှစ်အတွက် တည်ဆောက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းသုံးပစ္စည်းများ ရရှိရေးသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ မန္တလေး-မြစ်ကြီးနား လမ်းကြောင်းအတိုင်း သယ်ယူနိုင်ရေး နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အတွက် လုပ်ငန်းစီမံကိန်းအလိုက် ဘိလပ်မြေ၊ သံချောင်းစသည့် အခြေခံလိုအပ်ချက်များ လုံလောက်စွာ သယ်ယူရရှိရေး ဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းမှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကုန်သည်ကြီးများအသင်း၊ ကုန်စည်ပို့ဆောင်ရေး အသင်း၊ ကုန်မာဆိုင် လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များက ဝန်ကြီးဌာနအလိုက် ပြည်နယ်အတွင်း ဆောင်ရွက်သွားမည့် အဆောက်အအုံ၊ လမ်း/ တံတား တည်ဆောက်ရေး လုပ်ငန်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ လိုအပ်မည့်အရေအတွက်၊ လက်ရှိ သယ်ယူလျက်ရှိသည့် လမ်းကြောင်း အခက်အခဲများကို တင်ပြ ဆွေးနွေးမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

**မကွေး စက်တင်ဘာ ၁၃**

ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးနှင့် Social Media အသုံးပြုမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက မကွေးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မကွေး) မြရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)မှ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အမှတ်(၁၅) မူးယစ်ရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူးက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကြီးက လူငယ်များအတွက် Social Media နှင့် စိန်ခေါ်မှုများဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ဖလမ်းမြို့ FBC ဖလမ်းနှစ်ခြင်းအသင်းတော်ကျောင်း ဘက်စုံအသုံးပြုရန် အလှူငွေများလှူဒါန်း

**ဖလမ်း စက်တင်ဘာ ၁၃**

ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ FBC ဖလမ်းနှစ်ခြင်းအသင်းတော်ကျောင်း ဘက်စုံအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ပြည်နယ် သယံဇာတရေးရာဝန်ကြီးနှင့်အတူ အလှူငွေများ သွားရောက်လှူဒါန်းသည်။

ထို့ပြင် နှစ်ခြင်းအသင်းတော်ဝင် မြို့သူမြို့သားများနှင့်အတူ တနင်္ဂနွေ စုပေါင်းဝတ်ပြုဆုတောင်းပွဲတွင်ပါဝင်၍ ဝတ်ပြုဆုတောင်းသည်။

ဖလမ်းမြို့သည် နယ်မြေတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နေပြီဖြစ်ပြီး ဒေသနေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အစိုးရရုံးဌာနများ ပုံမှန်လည်ပတ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အတူ ယမန်နေ့မှစ၍ ဖလမ်းမြို့တွင် MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ဖလမ်းမြို့ ပြည်သူများ၏ MPT SIM ကတ်များ ပြန်လည်အသုံးပြုနိုင်ရေး လိုအပ်ချက်များရှိပါက MPT Own shop ဝန်ထမ်းများက စက်တင်ဘာ ၁၅ ရက်မှစတင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရှိ မိုဘိုင်းစခန်းအမှတ် CHN00001 သည် ယမန်နေ့မွန်းလွဲ ၁၂ နာရီ ၁၂ မိနစ်တွင် VSAT ပေါ်မှတစ်ဆင့် ဆက်သွယ်မှုရရှိခဲ့ခြင်းဖြစ်ပြီး ဖလမ်းမြို့ပေါ်ရှိ မိုဘိုင်းစခန်းအမှတ် CHN00015 နှင့် တွန်းဇံမြို့ပေါ်ရှိ မိုဘိုင်းစခန်း CHN00150 တို့ ဆက်သွယ်မှုရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့တွင် ဆက်သွယ်ရေး (MPT)လိုင်းများ အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့သို့ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွန်း ဦးစီး၍ တိုင်း/ခရိုင်/မြို့နယ်လက်ရုံးတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ပုသိမ်(လှကြည်)

# စကုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ဆောင်ရွက်ပေး

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက စကုမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တောင်ရပ်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် UID ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများကို နေချင်းပြီး ဆောင်ရွက်နေမှုများကို မင်းဘူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမင်းလတ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အသက်(၁၀)နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# သထုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**သထုံ စက်တင်ဘာ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက်က နောင်ကုလားရှမ်းရွာ အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ဟောပြောပွဲတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃)က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်များ ဘက်စုံ ဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူးက စားသုံးသူအခွင့်အရေး(၈)ချက်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# တရားမဝင်ဓာတ်အားရယူသုံးစွဲမှုကို ရှောင်ကြဉ်ကြပါစို့

**ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော လူ့အဖွဲ့အစည်းတစ်ခုတွင် လျှပ်စစ်ဓာတ်အားသည် နိုင်ငံတည်ဆောက်ရေး၊ စက်မှုလုပ်ငန်းများလည်ပတ်ရေးနှင့် ပြည်သူတို့၏ နေ့စဉ်ဘဝသက်သာချောင်ချိရေးအတွက် မရှိမဖြစ် အဓိကကျသောအရင်းအမြစ်တစ်ခုဖြစ်ပါသည်။**

သို့သော်လည်း လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်း၌ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရချိန်၌ တရားမဝင် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှု ပြဿနာမှာလည်း တစ်စတစ်စ ကြီးထွားလာလျက်ရှိပါသည်။ ဤကဲ့သို့ တရားမဝင် ဓာတ်အားသုံးစွဲမှုများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့် စီးပွားရေးကို ထိခိုက်စေရုံသာမက လျှပ်စစ်မီးမမှန်ခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်ခြင်းကဲ့သို့သော ဆိုးကျိုးများကိုပါ မိမိတို့၏ အသိုင်းအဝိုင်းအတွင်းသို့ သယ်ဆောင်လာတတ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် ကြုံတွေ့နေရသော ဤပြဿနာဆိုးကို ပြည်သူတစ်ရပ်လုံးက တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်ကြရန် အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။

**တရားမဝင် ဓာတ်အားခိုးယူသုံးစွဲရခြင်း(Electricity Theft)** ဆိုသည်မှာ သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၏ တရားဝင်ခွင့်ပြုချက် သို့မဟုတ် စာရင်းသွင်းမီတာတပ်ဆင်ထားခြင်း မရှိဘဲ လျှပ်စစ်မီးလိုင်းများမှ တိုက်ရိုက်ချိတ်ဆက်ကာ ခိုးယူသုံးစွဲခြင်းကို ဆိုလိုပါသည်။ ထိုသို့ တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုမှာ လျှပ်စစ်မီတာတွင် တပ်ဆင်ထားသောလုံခြုံရေးဆီးလ် (Cover Seal/ Terminal Seal) များကို ဖြတ်တောက်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ မီတာကိုကျော်လွန်၍ တိုက်ရိုက်ချိတ်ဆက်သုံးစွဲခြင်း၊ မီတာအတွင်း Control Circuit များတပ်ဆင်၍ မီတာနှေးအောင်ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဓာတ်အားလိုင်းများသို့ ချိတ်ဆက်သုံးစွဲခြင်း စသည့်လုပ်ရပ်များကို ဆိုလိုပါသည်။

ဓာတ်အားခိုးယူသုံးစွဲမှုများကြောင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့်အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုစနစ်အပေါ်လည်း အနှောင့်အယှက်ဖြစ်စေပါသည်။ တရားမဝင်သုံးစွဲမှုများကြောင့် နိုင်ငံတော်က ရသင့်ရထိုက်သော ဘဏ္ဍာငွေများ ဆုံးရှုံးရုံသာမက လျှပ်စစ်ဓာတ်အား ယူနစ်သန်းချီ လေလွင့်ဆုံးရှုံးရပါသည်။ ယင်းကြောင့် အမှန်တကယ်လိုအပ်နေသော အများပြည်သူထံ ဓာတ်အားအပြည့်အဝ မဖြန့်ဖြူးနိုင်တော့ဘဲ ဓာတ်အားမလုံလောက်မှုကို ပိုမိုဆိုးရွားစေပါသည်။ ဓာတ်အားခိုးယူသုံးစွဲသူများက မီတာခပေးဆောင်ရခြင်းမရှိသဖြင့် ဓာတ်အားကို အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြပါသည်။ ထိုသို့သုံးစွဲခြင်းကြောင့် ထရန်စဖော်မာများ ဝန်အားမနိုင်ဘဲ လောင်ကျွမ်းပျက်စီးခြင်း၊ လျှပ်စစ်ဗို့အားကျဆင်းခြင်းများနှင့် တစ်ရပ်ကွက်လုံး မီးပြတ်တောက်ခြင်းများကို ဖြစ်ပေါ်စေကာ တရားဝင်သုံးစွဲနေသော ပြည်သူများကိုပါ အနှောင့်အယှက်ဖြစ်စေပါသည်။ ထို့ပြင် မီးလောင်မှု၊ ဓာတ်လိုက်မှု စသည့် အသက်အန္တရာယ်များကိုလည်း ဖြစ်စေနိုင်ပါသည်။

တရားမဝင်လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းသည် မိမိအသက်အန္တရာယ်ကို ထိခိုက်စေနိုင်ရုံသာမက ဥပဒေအရ ပြင်းထန်စွာအရေးယူခံရမည့် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ အရေးယူခံရနိုင်ပါသည်။ တရားမဝင်လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းကြောင့် အောက်ပါအတိုင်း ပြင်းထန်စွာ အရေးယူခြင်းခံရနိုင်ပါသည်-

(၁) မီတာချက်ချင်း ဖြုတ်သိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်း၊

(၂) နစ်နာခဲ့သော လျှပ်စစ်ယူနစ်များအတွက် ဓာတ်အားခလျော်ကြေးနှင့် သတ်မှတ်ဒဏ်ကြေးသိန်းဂဏန်းမှ သန်းဂဏန်းအထိ ပေးဆောင်ရခြင်း၊

(၃) တည်ဆဲလျှပ်စစ် ဥပဒေပုဒ်မများဖြင့် ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုခြင်းခံရပြီး ထောင်ဒဏ်ကျခံရနိုင်ခြင်း။

တရားမဝင် ဓာတ်အားခိုးယူသုံးစွဲရခြင်း၏ အကြောင်းရင်းများကို စိစစ်ကြည့်ရာတွင် အောက်ပါအချက်များကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်-

(၁) ယခင်က မီတာတပ်ဆင်ခြင်းဆိုင်ရာ သုံးစွဲခွင့်လျှောက်ထားရာတွင် မီတာတပ်ဆင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားမလည်ကြခြင်း၊ သို့မဟုတ် တရားဝင်မီတာလျှောက်ထားရန် အချိန်ကြန့်ကြာမှုနှင့် လုပ်ထုံးလုပ်နည်း ရှုပ်ထွေးသည်ဟုယူဆကာ လမ်းလွဲသုံးစွဲရန် ကြိုးပမ်းလာကြခြင်း၊

(၂) ဒေသအချို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စစ်ဆေးကြပ်မတ်မှုနှင့် ကွင်းဆင်းစစ်ဆေးမှု အားနည်းချက်များ ရှိနေခြင်းကြောင့် ဥပဒေကို အလေးမထားဘဲ လွယ်ကူသလို ခိုးယူသုံးစွဲရန် အခွင့်ကောင်းရှာလာကြခြင်း၊



ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံသုံးနှင့် အိမ်သုံးမီတာများ တပ်ဆင်သုံးစွဲမှု အခြေအနေများကို လိုက်လံစစ်ဆေးစဉ်။

(၃) လျှပ်စစ်မီးပုံမှန်မရရှိဘဲ မကြာခဏ ပြတ်တောက်နေခြင်း၊ ဓာတ်အားမလုံလောက်မှုများကြောင့် အချို့သောသုံးစွဲသူများသည် မိမိတို့လိုအပ်သလောက် ရရှိသုံးစွဲနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်ဖြတ်တောက်လှည့်ပတ်သုံးစွဲကြခြင်း၊

(၄) အချို့သော ပြည်သူများနှင့် အလုပ်ရုံ၊ စက်မှုလုပ်ငန်းရှင်များက လျှပ်စစ်မီတာခနှင့် ကုန်ကျစရိတ်များကို တရားဝင် ပေးဆောင်လိုမှုမရှိခြင်း။

ရည်ရွယ်ချက်ရှိစွာဖြင့် မသမာမှုများပြုလုပ်၍ ဆောင်ရွက်နေသော **တရားမဝင်ဓာတ်အားခိုးယူသုံးစွဲခြင်းအား** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နည်းပညာဖြင့် တားဆီးနိုင်ရန်အတွက် လက်ရှိတွင် Smart Meter များ တပ်ဆင်ခြင်း၊ Advanced Metering Infrastructure (AMI) System များ

## နိုင်ငံ့သားကောင်း

တိုးချဲ့တည်ဆောက်ခြင်း၊ Supervisory Control And Data Acquisition (SCADA) နှင့် အလိုအလျောက် ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် စနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးအတွက် အပြည့်အဝ Digital Grid အဖြစ် ပြောင်းလဲနိုင်ရန် Communication Network များ၊ Data Concentrator Unit (DCU) များ၊ Meter Data Management System (MDMS) များနှင့် Control Center များကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်သွားရန် စီမံနေပြီဖြစ်ပါသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာ လမ်းတစ်လျှောက်ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုများ (Technical Losses) နှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော (Non-technical Losses) လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သော အဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှုစနစ် (Grid Automation) တို့ဖြင့် ချက်ချင်းဖော်ထုတ်တားဆီးနိုင်မည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ပြည်ပခရီးစဉ်များတွင် ဓာတ်အားဖြန့်ဖြူးရေးစနစ် ပိုမိုတိုးတက်စေရန်နှင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC “System Operator of the United Power System of Russia” အဖွဲ့၊ ထိုင်းနိုင်ငံ Electricity Generation Authority of Thailand (EGAT)၊ တရုတ်နိုင်ငံ China Southern Power Grid – Lanchang Mekhong International Co., Ltd. (CSG LMI) တို့ဖြင့် ဆွေးနွေးကာ ယင်းအဖွဲ့အစည်းများဖြင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၏ စနစ်များ တိုးတက်ကောင်းမွန်လာပြီး ယခုလို လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်နိုင်ရုံသာမက အနာဂတ်တွင် လုံးဝကင်းရှင်းပပျောက်သွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မီတာတပ်ဆင်ခြင်းဆိုင်ရာ သုံးစွဲခွင့်လျှောက်ထားရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/ စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် Online မီတာလျှောက်ထားခြင်းစနစ်ကို အသုံးပြုဆောင်ရွက်ခဲ့ရာ ပြည်သူများအနေဖြင့် လျှောက်ထားရလွယ်ကူလာသည်နှင့်အမျှ တရားဝင်မီတာလျှောက်ထားသုံးစွဲလိုစိတ်မြင့်တက်လာပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိကျစွာ စီမံခန့်ခွဲနိုင်တော့မည်ဖြစ်၍ တရားမဝင်မီတာတပ်ဆင်ခြင်းနှင့် ဓာတ်အားခိုးယူသုံးစွဲမှု များ လျော့ပါးစေမည်ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ✻



ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံသုံးနှင့် အိမ်သုံးမီတာများ တပ်ဆင်သုံးစွဲမှုအခြေအနေများကို လိုက်လံစစ်ဆေးစဉ်။

**❛ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာ လမ်းတစ်လျှောက်ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုများ (Technical Losses) နှင့် ခွင့်ပြုချက်မရှိဘဲသုံးစွဲခြင်းကဲ့သို့သော(Nontechnical Losses) လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သော အဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှုစနစ် (Grid Automation) တို့ဖြင့် ချက်ချင်းဖော်ထုတ်တားဆီးနိုင်မည် ❜**

✽ စာမျက်နှာ ၆ မှ

မိုးရာသီကာလများတွင် ရေဝင်ရောက်မှုကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အပြည့်အဝ ဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်း ကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်း လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် ပြည်သူများ နေ့ခင်းပိုင်းနှင့် ဓာတ်အားအမြင့်ဆုံးသုံးစွဲမှုအချိန်များတွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး AMI စနစ်ကိုအသုံးပြု၍ နေ့လယ်ပိုင်းဝန်အား သုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေးကာ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့် အစီအမံ " **အချိန်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားကို အတက်အကျပြောင်းလဲကောက်ခံသောစနစ် (Time–of–Use Rate)** " များဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ယင်းအချက်ကြောင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာနိုင်ပြီး ဓာတ်အားပြတ်တောက်မှုများ အထိုက်အလျောက်လျော့ပါးလာ၍ တရားမဝင်သုံးစွဲမှုများ ပပျောက်လာမည်ဖြစ်ပါသည်။

သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဒေသန္တရအာဏာပိုင်များ ပူးပေါင်းပါဝင်သောအထူးစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းကာ စက်မှုဇုန်များ၊ အလုပ်ရုံများနှင့် လူစည်ကားရာ ရပ်ကွက်များတွင် ဖြန့်ဖြူးရေးလိုင်းများ၊ မီတာများကို စနစ်တကျနှင့် ပုံမှန်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ လျှပ်စစ်ဥပဒေများနှင့်အကျုံးဝင်သော ပြစ်ဒဏ်များကို တိကျလေးနက်စွာ ကျင့်သုံးဆောင်ရွက်ခြင်း၊ တရားမဝင်ဓာတ်အားခိုးယူသုံးစွဲသူများကို ခြွင်းချက်မရှိဘဲ တရားစွဲဆိုအရေးယူခြင်းနှင့် ဒဏ်ငွေရိုက်ခြင်းတို့ကို ဥပဒေနှင့်အညီ တင်းကျပ်စွာဆောင်ရွက်ခြင်း၊ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်သည့် လွယ်ကူသောစနစ်များကို ဖန်တီးပေးခြင်းနှင့် တရားမဝင်လုပ်ဆောင်နေသူများကို အများပြည်သူသိရှိအောင် ဖော်ထုတ်အရေးယူခြင်း၊ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် သုံးစွဲသူများနှင့် ပူးပေါင်းကာ တရားမဝင်လိုင်းဆွဲခွင့်ပြုခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းများမရှိစေရန် ဌာနတွင်း စစ်ဆေးကြပ်မတ်ရေးကို တင်းကျပ်စွာ လုပ်ဆောင်ပြီး ပြစ်မှုကျူးလွန်သည့် ဝန်ထမ်းများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားကို တရားမဝင်ခိုးယူသုံးစွဲခြင်းသည် ခဏတာ အခမဲ့ရရှိသကဲ့သို့ ထင်ရသော်လည်း မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် မိသားစုအနာဂတ်ကို ဖျက်ဆီးပစ်နိုင်သည့် ရာဇဝတ်မှုတစ်ခုသာဖြစ်ပါသည်။ ထို့ပြင် မိမိတို့၏ တရားမဝင်ဓာတ်အားခိုးယူမှုကြောင့် ဓာတ်အားသုံးစွဲခွင့်ရရှိရန် စောင့်မျှော်နေကြသည့် ပြည်သူတို့၏ အခွင့်အရေးများ ဆုံးရှုံးနေမှုများအပေါ်တွင်လည်း ကိုယ်ချင်းစာစိတ်များမွေးမြူကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရယူလိုမှုများအပေါ်တွင် ကိုယ်ချင်းစာစိတ်က အနိုင်ယူ၍ တရားမဝင် ဓာတ်အားရယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



# ရေဝတီတိုင်းဒေသကြီးအတွင်း ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေနမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ဝေနပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေနပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ဆန်းဒါးလန်းအသင်းမှ**

သွင်းဂိုးက ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့လို့ ဆန်းဒါးလန်းအသင်း ချေပဂိုးနဲ့ ဝေးခဲ့ရတာဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ် (၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်လေးမှတ်သာစုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၄) နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# ဝေနတာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၁၃

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေနတာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးအတွက် ရေဝင်ပေါက်တစ်လျှောက် ကြမ်းပြင်မြင့်တက်စေရန် Geo Bag/Geo Tube များကို စက်ရေယာဉ်ဖြင့်ချခြင်း၊ Sheet Pile ရိုက်ပြီးသည့် အပိုင်းအား ခိုင်ခံ့မှုမြှင့်တင်ရန် မြစ်ဘက်ခြမ်းနှင့် ကုန်းဘက်ခြမ်းတို့တွင် ကရိန်းဖြင့် Geo Bag, Jumbo Bag, Geo Tube ကျောက်ခြင်းချခြင်း၊ သဲအိတ်တွဲများချခြင်း၊ ကမ်းရင်းတာနှင့် Sheet Pile ကြားတွင် သဲမှုတ်ဖြည့်ခြင်း၊ Sheet Pile ၏ ထောက်တန်းနှင့် ထောက်တိုင်များ ဆောင်ရွက်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လာရောက်လှူဒါန်း**

နံနက်ပိုင်းတွင်လည်း ဟသ်ာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးသာတွင် ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဝိသာခါ ဖောင်ဒေးရှင်းမှ ဆန်၊ ဆီ၊ ဆပ်ပြာ၊ တာပေါ်လင်မိုးကာ၊ လက်ဖက်နှင့် အိမ်သုံးပစ္စည်းများကိုလည်းကောင်း၊ ဦးထွန်းသိန်း-ဒေါ်စန်းရီ စက်သုံးဆီရောင်းဝယ်ရေးနှင့် မြန်မာထမင်းဆိုင် မိသားစုက အလှူငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြား နေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀ ၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားသဖြင့် ဆည်မြောင်းတာအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည်။



ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာတွင်း ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့ နှစ် ၇၀၀ အားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ နှစ် ၇၀၀ အားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ အားကစားကွင်းတွင် ဘောလုံးကွင်း မြက်ခင်းပြုပြင်ခြင်း၊ ရေဖျန်းစနစ် ပြုပြင်ခြင်း၊ Over Head Tank ဂါလန် ၃၆၀၀ ဆံ့ တည်ဆောက်ခြင်း၊ ရိုးရိုးတန်း ပွဲကြည့်စင် အမိုးမပါ နှစ်ထပ် (ပေ ၄၄၀ x ၃၅ ပေ) တည်ဆောက်ခြင်း၊ အရှေ့ဘက်၊ မြောက်ဘက်နှင့် တောင်ဘက် (ပေ၂၅၄၀ x ၇ ပေ) အုတ်တံတိုင်းတည်ဆောက်ခြင်း လုပ်ငန်းနှင့် ဦးစီးအရာရှိ နေအိမ် (ပေ ၃၀ x ပေ ၃၀ x ၁၅ ပေ) တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုကို အားကစား ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးရဲမြင့်ထွန်းသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တို့နှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားကွင်း အား နိုင်ငံတကာအဆင့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ် စံနှုန်းများအတိုင်း ပြည့်မီ၍ ရေရှည်တည်တံ့ပြီး အသုံးပြုနိုင်စေရေးတို့ကို အလေးထား ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်ရှိ ပိုးတန်းအားကစားကွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက်ဖြင့် တည်ဆောက်လျက်ရှိသည့် ခရိုင်အားကစားရုံ (ပေ ၆၀ x ပေ ၃၀ x ၁၂ ပေ)တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ အားကစားကွင်း/အားကစားရုံများ၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စာသင်ဆောင်တို့ကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ချမ်းမြသာစည် မြို့နယ်ရှိ မန္တလာသီရိအားကစား ကွင်းနှင့် မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ ဖွင့်လှစ်ထားသည့် အမျိုးသမီး ဘောလုံးအကယ်ဒမီ (မန္တလေး)တို့ရှိ စာသင်ခန်း၊ စားရိပ်သာနှင့် ဆေးပေးခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမ များနှင့် သင်တန်းသား သင်တန်း သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားကာ အားကစား အထောက်အကူပြု ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးစာမေးပွဲနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး စာမေးပွဲနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

နံနက်ပိုင်းတွင် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒများနှင့် စိုက်ပျိုးပညာပေးဝန်ထမ်းများ သိရှိထားရမည့် အကြောင်းအရာများကို ရေးဖြေစာမေးပွဲ ဖြေဆိုကြသည်။

ထို့နောက် ကျောက်တန်းမြို့နယ်ဦးစီးမှူး ဦးဇာနည်လှိုင်က ဝန်ထမ်းများအား လက်ရှိရာသီဥတု ပြောင်းလဲလာမှု၊ အယ်နီညိုဖြစ်စဉ်များနှင့် စိုက်ပျိုးရေးကဏ္ဍကိုလည်းကောင်း၊ သန်လျင်ခရိုင် ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းသန်းက ပိုးသတ်ဆေးအသုံးပြုမှုနှင့် ဓာတ်ကြွင်း ကင်းစင်ရေး အကြောင်းအရာတို့ကို အသိပညာပေး ဟောပြောသည်။ အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးစာမေးပွဲနှင့် စိုက်ပျိုးရေး ဆိုင်ရာ အသိပညာပေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ဦးစီးမှူးရုံးများမှ စိုက်ပျိုးရေးပညာရှင် ၇၀ နှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ဥသာ**





## ကလေးမြို့ သန့်ရှင်းသာယာလှပရေး အသိပညာပေးဆွေးနွေး

**ကလေး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ညောင်ပင်သာရပ်ကွက် ဓမ္မာရုံတွင် စက်တင်ဘာ ၁၀ ရက်က ကလေးမြို့သန့်ရှင်းသာယာလှပရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥပုသ်ချောင်းတံတားအရှေ့ဘက် ပေ ၅၀ နှင့် ဆေးရုံအတွင်း သံတံတားကြား အမှိုက်များစွန့်ပစ်မှုမရှိစေရေး ပြည်သူများအား အသိပညာပေးခဲ့ခြင်းဖြစ်ပြီး အမှိုက်များကို စနစ်တကျထုပ်ပိုး၍ သတ်မှတ်နေရာများတွင်စွန့်ပစ်ရေးကို အသိပညာပေး ဆွေးနွေးသည်။ ထို့ပြင် အမှိုက်များကို မီးရှို့ဖျက်ဆီးမှုမရှိစေရေး၊ ပလတ်စတစ်အသုံးပြုမှု လျှော့ချရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တံတားဦးမြို့နယ်၌ စနစ်ကျသောစိုက်ပျိုးရေးစနစ်စီမံကိန်းဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**တံတားဦး စက်တင်ဘာ ၁၃**

မန္တလေး တိုင်းဒေသကြီး တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်ပြီး သမဝါယမ စနစ်ကိုအခြေခံ၍ စုပေါင်း ဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် Cooperative-Based Farming Project (CBFP) စီမံကိန်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်း က တံတားဦးမြို့ အင်းဝခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူက အမှာစကား ပြောကြားပြီး တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က စီမံကိန်း ဧရိယာ ဦးစားပေးရွေးချယ် ဆောင်ရွက်မှု၊ စီမံကိန်းဆောင်ရွက် ရမည့် အခြေခံမူများနှင့် ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြား သည်။ ထို့နောက် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်နှင့် အစည်းအဝေးသို့တက်ရောက်လာ ကြသည့် သက်ဆိုင်ရာဌာနဆိုင်ရာ များက လိုအပ်သည့်ကိစ္စများကို ဖြည့်စွက်ဆွေးနွေးကြသည်။

တံတားဦးမြို့နယ် သမဝါယမ ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် မျိုး၊ သွင်းအားစုများ ပံ့ပိုးဆောင်ရွက် ရာတွင် စိုက်ဧက ၇၀၀၊ မိုးဝါသီးနှံ စီမံကိန်းဆောင်ရွက်ရာတွင် ဧက ၈၀၀၊ ဆောင်းဆီထွက်သီးနှံဖြစ် သည့် မြေပဲစီမံကိန်းတွင် ၄၀၁၂ ဧက၊ နို့စားနွားမွေးမြူရေးလုပ်ငန်း ပံ့ပိုးဆောင်ရွက်ရာတွင် နွားကောင် ရေ ၇၇၆ ကောင်၊ သက်တန့်ရောင် စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုတွင် ဝက်ကောင်ရေ ၉၄ ကောင်တို့ကို ဆောင်ရွက်ထား ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်

**ကြို့ပင်ကောက် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက် မြို့နယ် ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ဥပဒေ အသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများ ကို စက်တင်ဘာ ၁၂ ရက်က ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းများတွင် ဆရာဖြစ် သင်တန်း(TOT) တက်ရောက်ခဲ့ကြသော အုပ်ချုပ်ရေးမှူးများက ဒေသခံပြည်သူများအား ပြန်လည်သင်ကြားပေးခြင်း ဖြစ်ကြောင်း မြို့နယ်ဥပဒေရုံးမှ သိရသည်။

ဒေသခံပြည်သူများ ဥပဒေဆိုင်ရာ အသိပညာ ဗဟုသုတများ ပိုမိုသိရှိနားလည် လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၅၂၅ ဦးအား သင်တန်းနည်းပြ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁၀ ဦးတို့က ဆင့်ပွားသင်ကြားပေးခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ပေါင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ပြုလုပ်

**ပေါင် စက်တင်ဘာ ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ပေါင်မြို့နယ် ပေါင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

သင်တန်းတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ဥပဒေအရာရှိက(၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လောင်ကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီးဥပဒေ စသည့် ဥပဒေ အကြောင်းအရာများကို ပို့ချခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ရေတာရှည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၁ ရက်က ညောင်ပင် သာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြား သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူ များက သက်ဆိုင်ရာဌာနများအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။



ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် စီးပွားရေး၊ နိုင်ငံခြားဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ငြိမ်းချမ်းရေး၊ ကာကွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အလုပ်သမားရေးရာ၊ အားကစား၊ တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ ထုတ်ပြန်ချက်၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် မှုခင်း စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## စီးပွားရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hotel ၌ စက်တင်ဘာ ၆ ရက်တွင် ကျင်းပသော "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်" သို့တက်ရောက်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အထူးသဖြင့် ဆက်သွယ်ရေး၊ နည်းပညာ၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်၊ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆမ်ဒက်ဟွန်ဆင်တို့နှင့် တွေ့ဆုံဆွေးနွေးကာ ရင်းနှီးမြှုပ်နှံမှု၊ အခွန်၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြသည်။

## ပညာရေး

စက်တင်ဘာ ၈ ရက်က နေပြည်တော်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိလာကြောင်းနှင့် ကျန်ရှိနေသည့် စာမတတ်သူဦးရေကိုလျှော့ချရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ဦးဆောင်မှုဖြင့် ဉာဏ်ရည်တု (AI) နည်းပညာသင်တန်းကို သင်တန်းသူ ၃၅ ဦးဖြင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

## ကျန်းမာရေး

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီး ၁၂ ဦးပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံပြည်သူ ၂၀၉၈ ဦးကို အထွေထွေရောဂါ၊ နှလုံး၊ ဦးနှောက်နှင့် အာရုံကြော အစရှိသည့် ရောဂါများအတွက် အခမဲ့ စမ်းသပ်ကုသပေးခဲ့သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ၂၀၂၆ ခုနှစ်အတွက် ပေးအပ်သည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်နယ်မြေဆု (ASEAN Smoke Free Award) တတိယဆုကို မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်က ရရှိခဲ့ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

## စိုက်ပျိုးရေး

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် ကျောက်စံ ၂၁၅ ကေဒဗလျူ ဆိုလာဓာတ်အားပေးစနစ် လျှပ်စစ်ရေတင်လုပ်ငန်းမှတစ်ဆင့် သီးနှံစုံ ဧက ၉၇၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

## ငြိမ်းချမ်းရေး

စက်တင်ဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး၌ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင်အမျိုးသား ၁၇၇ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၁၉၅ ဦး သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့သည်။ ၎င်းတို့အား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး လက်နက်ပါလာသူများကို ဆုငွေများ ထိုက်တန်စွာချီးမြှင့်ခဲ့သည်။

## ကာကွယ်ရေး

နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ သင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၂၈) သင်တန်းဖွင့်ပွဲများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ ထို့ပြင် အကြမ်းဖက်အဖွဲ့များ ယာယီစိုးမိုးခဲ့သည့် ကမမောင်း-ဖာပွန် သွားလမ်းကြောင်းတစ်လျှောက်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်တွင် ဖာလုံကြီးကျေးရွာကို သိမ်းပိုက်နိုင်ခဲ့ပြီး ဖျက်ဆီးခံထားရသည့် လမ်းတံတားများကိုလည်း ပြန်လည်ပြင်ဆင်လျက်ရှိသည်။

## သယ်ယူပို့ဆောင်ရေး

အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီချွေတာရန် ထုတ်ပြန်ထားခဲ့သော ယာဉ်နံပါတ်အက္ခရာအလိုက် "စုံ" ရက်၊ "မ" ရက် ခွဲခြားမောင်းနှင်ရသည့်ကန့်သတ်ချက်ကို စက်တင်ဘာ ၉ ရက်မှ စတင်၍ ပယ်ဖျက်ပေးလိုက်ပြီး ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ပြီဖြစ်သည်။ သို့သော် စက်သုံးဆီဝယ်ယူရာတွင်မူ လက်ရှိကျင့်သုံးနေသည့် QR Code စနစ်နှင့် "စုံ/မ" ရက်သတ်မှတ်ချက်အတိုင်း ဆက်လက်ဝယ်ယူရမည်ဖြစ်သည်။

ထို့ပြင် နေပြည်တော်အတွင်း လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းများနှင့် Charging Station များ ဖွင့်လှစ်နိုင်ရေးအတွက် စက်တင်ဘာ ၈ ရက်က ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့သည်။ လောင်စာဆီတင်သွင်းမှုလျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် EV သုံးစွဲမှုကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့သဝဏ်လွှာအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် အရေးယူမှု ၈၃ မှုတွင် တရားခံ ၂၃၅ ဦးအား တရားစွဲဆိုနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၄၃ ဦးအား ကယ်တင်နိုင်ခဲ့သည်။

## အလုပ်သမားရေးရာ

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ လုပ်သား ၂၆၁၀ ဖြင့် လည်ပတ်နေသော Teng Hui (Myanmar) Knitting Co., Ltd (သိုးမွေးစက်ရုံ) သည် အော်ဒါနည်းပါးမှုကြောင့် ယာယီပိတ်သိမ်းမည်ဖြစ်၍ အလုပ်သမား ၂၃၅၅ ဦး အလုပ်လက်မဲ့မဖြစ်စေရေးနှင့် ရပိုင်ခွင့်များ မဆုံးရှုံးစေရေးအတွက် အခြားစက်ရုံများတွင် ပြောင်းရွှေ့လုပ်ကိုင်နိုင်ရန် အလုပ်သမားဝန်ကြီးဌာနက ကူညီချိတ်ဆက်ပေးခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက်တွင် သတင်းဖော်ပြခဲ့သည်။

## အားကစား

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ စက်တင်ဘာ ၆ ရက်တွင် ကျင်းပသည့် ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် မော်လ်ဒိုက်အသင်းကို ၆ ဂိုး- ၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာနှုန်းပြည့်နိုင်ပွဲဖြင့် အုပ်စုပထမနေရာကို ရယူနိုင်ခဲ့သည်။

ထို့ပြင် မြန်မာဂျူဒိုအားကစား အဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲဝင် ၂၃၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

## တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

ကျော်မိုးထွန်းသည် သံတမန်ကျင့်ဝတ်ပျက်ယွင်းမှုကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံထားရသူဖြစ်ပြီး နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်ခြင်း၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများ (CRPH၊ NUG) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုအပါအဝင် ဥပဒေမျိုးစုံဖြင့် တရားစွဲဆိုကာ တရားခံပြေးအဖြစ် ကြေညာထားရသူဖြစ်သည်။ ထို့ပြင် ကုလသမဂ္ဂတွင် ၎င်း၏ကိုယ်စားပြုခွင့်ကို ရုပ်သိမ်းထားပြီးဖြစ်၍ ကျော်မိုးထွန်း၏ တရားမဝင်ထုတ်ပြန်ချက်နှင့် လှုပ်ဆော်မှုများသည် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ သဘောထားမဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက လေးနက်စွာ အသိပေးထုတ်ပြန်ထားသည်။

## အကြမ်းဖက်တိုက်ခိုက်မှု

စက်တင်ဘာ ၁၀ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ FPV suicide drone များဖြင့် တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းရန်ကာကွယ်ရေးအစီအမံများဖြင့် အောင်မြင်စွာ ဟန့်တားနိုင်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်အချို့ ခေတ္တရပ်ဆိုင်းခဲ့ရသော်လည်း လူ၊ ယာဉ်နှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

## မှုခင်း

မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ SKY MAN သံရည်ကျိုလုပ်ငန်းတွင် မသမာသောနည်းလမ်းဖြင့် ဓာတ်အားခိုးယူသုံးစွဲနေသည်ကို စက်တင်ဘာ ၃ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့သည်။ နိုင်ငံတော်မှ နစ်နာခဲ့သည့် ယူနစ် ၂၃ ဒသမ ၃၆ သန်းအတွက် ငွေကျပ် ၁၇ ဒသမ ၁၈၄ ဘီလီယံကို ပြန်လည်ပေးသွင်းရန်နှင့် ဥပဒေအရ အရေးယူရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အသီးသီးမှ ဆိုင်ကယ်များခိုးယူခဲ့သည့် တရားခံအမျိုးသားနှစ်ဦးကို သက်သေခံဆိုင်ကယ် ၁၉ စီးနှင့်အတူ စက်တင်ဘာ ၁ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း စက်တင်ဘာ ၈ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ဆီဆိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းဝင်း ဦးဆောင်ပြီး မြို့မစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းရှိ သစ်ပင်ချုံနွယ်များ၊ မြက်ပင်များ စုပေါင်းရှင်းလင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## လှည်းကူးမြို့နယ် သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

လှည်းကူး စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သမဝါယမအသင်းလီမိတက်၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်က ဆောင်ရွက်ပြီး သမဝါယမဥပဒေနှင့် သမဝါယမလုပ်ငန်းများ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန်နှင့် သမဝါယမစနစ်ဖြင့် စည်းရုံးကြသော စုပေါင်းလယ်ယာမြေစနစ်ဖော်ဆောင်ရေး CBRF လုပ်ငန်းများ ရှင်းလင်းပြောကြားပြီး အမှုဆောင်အသစ်များရွေးချယ်ခြင်း၊ တာဝန်ခွဲဝေ



သတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)


# မြန်မာ့ရာသီဥတုနှင့် အယ်လ်နီညိုဖြစ်စဉ်


၂၀၂၆ ခုနှစ် ဩဂုတ်လတွင် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသောအယ်လ်နီညိုအခြေအနေသို့ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ၂၀၂၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများအထိ အားအကောင်းဆုံးအယ်လ်နီညိုအဖြစ် ဆက်လက်တည်ရှိနေပြီး ရှေ့လာမည့်ကာလများအတွင်း အလွန်အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်များဖြစ်သည့် ၁၉၈၂-၁၉၈၃၊ ၁၉၉၇-၁၉၉၈ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်များ၌ အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှု သိသိသာသာကျဆင်းခဲ့ခြင်း၊ အရှေ့တောင်အာရှတွင် စပါးအထွက်နှုန်းကျဆင်းပြီး စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်ခဲ့ခြင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် တောမီးများလောင်ကျွမ်းခဲ့မှုမှာ ထိန်းချုပ်မရဖြစ်ကာ မီးခိုးမြူငွေ့များ အိမ်နီးချင်းနိုင်ငံများအထိ ပျံ့နှံ့ခြင်း စသည့်ဆိုးကျိုးများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။

### အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်မှုများ

အယ်လ်နီညိုနှစ်များတွင် အီကွေတာအနီး ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ပိုမိုပူနွေးလာကာ အီကွေတာတစ်လျှောက်ရှိ ကုန်သည်လေများ အားလျော့သွားပြီး အထက်လေထုလွှာတွင် "Walker Circulation" သည် ပုံသဏ္ဌာန်မမှန်တော့ဘဲ ဆဲလ်များကွဲထွက်သွားကာ တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ ပုံမှန်အေးမြခြောက်သွေ့သည့် မိုးလေဝသဖြစ်စဉ်များအစား ပူနွေးစိုစွတ်သည့်ဖြစ်စဉ်များ အစားထိုးဝင်ရောက်လာပါသည်။




အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်ခန့်မှန်းချက်ပြပုံ။

### မြန်မာနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်နှစ်များ၏ သက်ရောက်မှုများ

မြန်မာနိုင်ငံ၏ မိုးလေဝသမှတ်တမ်းများအရ အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်သည့် ၁၉၉၇-၁၉၉၈ ခုနှစ်သည် ယင်းကာလများတွင် အပူဆုံးနှင့် အခြောက်သွေ့ဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ၌ မြစ်ရေစီးချိန်တင်ကျဆင်းခဲ့ရပြီး ရေကြောင်းသွားလာရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတို့တွင် ကြီးမားသော အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင်ဖြစ်ပေါ်ခဲ့သော အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် အပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ပြီး အဆိုပါကာလအတွင်း မြန်မာနိုင်ငံ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်တင်ခဲ့ပါသည်။ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်တွင် ရေခန်းခြောက်မှု ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ မြေလတ်ဒေသများတွင်ပါ သောက်သုံးရေ ပြတ်လပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ရာ မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နှစ်ပေါင်း ၅၆ နှစ်တာ မှတ်တမ်းတင်ခဲ့သမျှတွင် အမြင့်ဆုံးသောသမိုင်းဝင်အပူချိန်စံချိန်သစ်ဖြစ်ခဲ့ပါသည်။

> "အဆိုပါဖြစ်စဉ်များအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များအနေဖြင့် ရေသိုလှောင်နိုင်သည့် ရေကန်များ၊ မိုးရေစုဆောင်းသည့်စနစ်များကို ကြိုတင်ပြင်ဆင်နိုင်ရန် လိုအပ်ပါသည်။ ရေလိုအပ်ချက်နည်းပါးပြီး အပူဒဏ်ခံနိုင်သော သီးနှံမျိုးစေ့များ (ဥပမာ- ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း) ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်သင့်ပါသည်။ စိုက်ပျိုးရေကို အလေအလွင့်မရှိစေဘဲ အစက်ချစနစ်ကဲ့သို့ စိစစ်သုံးစွဲသည့် နည်းလမ်းများကျင့်သုံးသင့်"




၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ရေခန်းခြောက်မှု ဖြစ်ပွားပုံ။



၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံမြေလတ်ဒေသများတွင် သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်ပြပုံ။

## မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန




အယ်လ်နီညိုနှစ်များတွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံ။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် လေထုနှင့် သမုဒ္ဒရာလှည့်ပတ်မှုများကြောင့်ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအပေါ်သို့ ချက်ချင်းသက်ရောက်နိုင်မည် မဟုတ်သော်လည်း စက်တင်ဘာလတွင် အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်ပေါ်ပါက ၁၉၈၂-၁၉၈၃၊ ၁၉၉၇-၁၉၉၈၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များအရလာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် သက်ရောက်မှုရှိနိုင်ပါသည်။ အလယ်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အပူလှိုင်းဖြတ်ခြင်း၊ လေထုစိုထိုင်းဆနည်းပါးပြီး ပူပြင်းခြောက်သွေ့ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်းရေကန်များ ခန်းခြောက်ခြင်းများ ဖြစ်ပေါ်နိုင်ပြီး အကျိုးဆက်အနေဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလွယ်ခြင်းစသည်တို့ ဖြစ်ပေါ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သက်ရောက်မှုအနေဖြင့် မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းများဖြစ်ပေါ်နိုင်ကာ အကျိုးဆက်အနေဖြင့် စပါးနှင့် အခြားသီးနှံအထွက်နှုန်း လျော့နည်းနိုင်ခြင်း၊ ရေချိုဝင်ရောက်မှုနည်းသဖြင့် ရေငန်ဝင်ရောက်မှု ပိုမိုမြင့်တက်နိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ တောင်တန်းဒေသများနှင့် ကမ်းရိုးတန်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သက်ရောက်မှုအနေဖြင့် သောက်သုံးရေရှားပါးခြင်း၊ အပူချိန်ပုံမှန်ထက် ပိုမိုမြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ကာ အကျိုးဆက်များအနေဖြင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများထိခိုက်ခြင်း၊ တောမီးလောင်ကျွမ်းမှုအန္တရာယ်မြင့်မားခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ အဓိကထိခိုက်နိုင်သည့်ကဏ္ဍများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့တွင် စိုက်ပျိုးရေလျော့နည်းခြင်းကြောင့် စပါး၊ ပဲ၊ နှမ်းနှင့် ဆီထွက်သီးနှံများပျက်စီးနိုင်ခြင်း၊ အပူဒဏ်ကြောင့် တိရစ္ဆာန်များ ရောဂါရလွယ်ခြင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် အပူဒဏ်ကြောင့် အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း စသည့်ရေမှတစ်ဆင့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလျော့ကျနိုင်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

အဆိုပါဖြစ်စဉ်များအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များအနေဖြင့် ရေသိုလှောင်နိုင်သည့် ရေကန်များ၊ မိုးရေစုဆောင်းသည့် စနစ်များကို ကြိုတင်ပြင်ဆင်နိုင်ရန် လိုအပ်ပါသည်။ ရေလိုအပ်ချက်နည်းပါးပြီး အပူဒဏ်ခံနိုင်သော သီးနှံမျိုးစေ့များ (ဥပမာ – ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း) ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်သင့်ပါသည်။ စိုက်ပျိုးရေကို အလေအလွင့်မရှိစေဘဲ အစက်ချစနစ်ကဲ့သို့ စိစစ်သုံးစွဲသည့် နည်းလမ်းများ ကျင့်သုံးသင့်ပါသည်။ ကျန်းမာရေးနှင့် လူနေမှုဘဝ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် အပူရှိန်မြင့်မားချိန်ဖြစ်သည့် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ပြင်းထန်သောအလုပ်အကိုင်များ လုပ်ကိုင်ခြင်းနှင့် နေပူထဲထွက်ခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ သောက်သုံးရေကို ကျိုချက်သောက်သုံးခြင်း၊ ရေဓာတ်မခန်းခြောက်စေရန် ရေနှင့် ဓာတ်ဆားရည်သောက်သုံးခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို အပူဒဏ်မှ ကြိုတင်ကာကွယ်ရန် ပိုမိုဂရုစိုက်သင့်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်မှုအနေဖြင့် တောမီးလောင်ကျွမ်းမှု မဖြစ်ပွားစေရန် သစ်တောနယ်မြေများနှင့် ကျေးရွာများအနီး မီးတားလမ်းများ ကြိုတင်ပြုလုပ်ရန်လိုအပ်ပြီး အပူဒဏ်အန္တရာယ် ကာကွယ်ရန်အတွက် အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုနှိုးဆော်အပ်ပါသည်။ ။

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၇ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## လားရှိုးမြို့နယ်၌ အရုဏ်ဦး ငွေစုငွေချေးသမဝါယမအသင်း၏ အစည်းအဝေးကျင်းပ

**လားရှိုး စက်တင်ဘာ ၁၃**



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် အရုဏ်ဦး ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်းအမှုဆောင်သစ် ရွေးချယ်ခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက အရုဏ်ဦးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးမောင်ကြူးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆမ်မန်းတို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ အသင်းနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြား အတည်ပြုပေးပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အသင်း၏ အမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

## တပ်ကုန်းမြို့၌ အခမ်းအနားမှူး ဆင့်ပွားသင်တန်း ဖွင့်လှစ်သင်ကြား



**တပ်ကုန်း စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ကျင်းပသည့် အခမ်းအနားမှူးဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

## ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်

**ငပုတော စက်တင်ဘာ ၁၃**

ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ကြီးကြပ်မှုဖြင့် ငပုတောမြို့နယ် ဥပဒေရုံးနှင့် ဖျန်ရေကျော်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆)ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဖျန်ရေကျော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

ငပုတောမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT)မှ သင်တန်းဆင်းသည့် ကျေးရွာအုပ်ချုပ်ရေးမှူးက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအကြောင်းအရာများကို ပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ရေကြောင်းရဲတပ်ဖွဲ့စု(ပုသိမ်)မှ တပ်ဖွဲ့စုမှူး ယာယီဒုတိယရဲမှူးကြီး ဇော်မိုးလွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ကိုကိုဇော်





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းဝင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုများက နမ့်စန်မြို့ မြို့ဦးသီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၂ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ သူရအောင်(နမ့်စန်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဒေးဒရဲမြို့မစခန်းမှူးတို့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျံစေတီတော်မြတ်ကြီး၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။ ဇင်မာအောင်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမျိုး ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက ပွင့်ဖြူမြို့အဝင်ရှိ ပြည်လုံးချမ်းသာဘုရားကြီး၌ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးစိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်လွင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် လင်းခေးမြို့ ကမ္မဋ္ဌာန်းကျောင်းဝင်းအတွင်းနှင့် မြို့သမိုင်းဝင် မဟာဗောဓိညောင်ပင်ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ စိုင်းဇော်လတ်(လင်းခေး)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက အထက (၂) ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ နေလင်း(ညောင်လေးပင်)

## ဘာသာစကားသိမှတ်ဖွယ်

# ပုဒ်ဖြတ်များ မှန်ကန်စွာသုံးစွဲပုံ

**လှသမိန်**

မြန်မာစာရေးသားရာတွင် ပုဒ်ဖြတ်၊ ပုဒ်ရပ်သည်လည်း အရေးကြီးပေသည်။ မြန်မာစာသည် စကားလုံးများကို အမျိုးမျိုးအဖုံဖုံ တွဲစပ်စီခင်း ရေးရသောဘာသာဖြစ်၍ မည်သည့်စကားလုံးနှင့် မည်သည့်စကားလုံးကို တွဲဆက်ဖတ်ရှုရမည်ကို ပြညွှန်းသော ပုဒ်ဖြတ်များလိုလေသည်။ ပုဒ်ဖြတ်၊ ပုဒ်ရပ်များက ညွှန်ပြသည့်အတိုင်း ဖတ်ရှုကောက်ယူမှသာ လိုရာအဓိပ္ပာယ်ကို မှန်ကန်စွာရရှိစေနိုင်ပေမည်။ ထို့ကြောင့် မှန်ကန်စွာ ပုဒ်ဖြတ်တတ်ရန်လိုလေသည်။

မြန်မာဘာသာတွင် အစဉ်အလာသုံးစွဲမြဲပုဒ်ဖြတ်မှာ သုံးမျိုးသာ ရှိခဲ့ပေသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

ပုဒ်ဖြတ် (။) နှစ်ချောင်းပုဒ်
ပုဒ်ရပ် (၊) တစ်ချောင်းပုဒ်
ပုဒ်ခွဲ ( ) နေရာလပ်

ထိုပုဒ်များသုံးစွဲပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ **ပုဒ်ဖြတ်၊** ပုဒ်ဖြတ်ကို ဝါကျအဆုံးတွင် သုံးလေ့ရှိလေသည်။

**ပုံစံ။** ကလေးသည် ငိုသည်။
မျောက်သည် ငှက်ပျောသီးကိုစားသည်။

ကဗျာ၏အဆုံးတွင်လည်း နှစ်ချောင်းပုဒ်ကို သုံးစွဲကြပေသည်။

ရှေးအခါက ပေ၊ ပုရပိုက်တို့တွင် စာပိုဒ်သစ် စရေးရာ၌ စာကြောင်းသစ်တွင် မစဘဲ စာပိုဒ်တစ်ခုနှင့် တစ်ခုအကြားတွင် နှစ်ချောင်းပုဒ်နှစ်ခုကို အတန်ငယ်ခွာ၍ ချပြီးနောက် တစ်ဆက်တည်း ရေးလေသည်။

**ပုံစံ (။ ။)**

မြန်မာစာတွင် မေးခွန်းနှင့်ဆုံးသော ဝါကျတွင်လည်း မေးခွန်း အမှတ်အသား တစ်စုံတစ်ရာကိုမသုံးဘဲ နှစ်ချောင်းပုဒ်ကိုသာ သုံးပေသည်။

၂။ **ပုဒ်ရပ်၊** (က)ပုဒ်ရပ်ကို ကြိယာပါရှိသော ပဒစယ၊ (ဝါကျအစိတ်အပိုင်း)တွင် သုံးလေ့ရှိလေသည်။

**ပုံစံ။** မိုးရွာလေလျှင်၊ လယ်ကွင်းများ၌ ရေလျှံကုန်၏။
သူ အကြိမ်ကြိမ်ပြောသော်လည်း၊ ကျွန်ုပ်မယုံကြည်ချေ။

(ခ) ပုဒ်ရပ်ကို လိုရင်းအဓိပ္ပာယ်မပြီးဆုံးသော ဝါကျအဆုံး၌ နှစ်ချောင်းပုဒ်အစား သုံးပေသည်။

**ပုံစံ။** ဤသူကား လိမ္မာ၏၊ ပါးနပ်၏၊ ထကြွလုံ့လနှင့်လည်း ပြည့်စုံလေသည်။
လေးနာရီကားထိုးလေပြီ၊ သင်ခန်းစာကား မပြီးဆုံးသေးချေ။

(ဂ) ပုဒ်ရပ်ကို တစ်ခုထက်ပိုသော နာမ်များ၊ နာမ်စားများ၊ နာမဝိသေသနများ စသည်တို့၏ အကြားတွင်လည်း သုံးပေသည်။

**ပုံစံ။** ဘုန်းတော်ကြီးအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး တို့ကို လှူအပ်၏။
သူသည် ပျင်းရိသော၊ နှေးကွေးသော၊ လုံ့လကင်းသော သူငယ်ဖြစ်၏။

(ဃ) တစ်ချောင်းပုဒ်ကို ကဗျာပါဒများ အဆုံးတွင်လည်း သုံးလေသည်။

**ပုံစံ။** မဲဇာတောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောစည်က၊ ရွှေပြည်ကိုသာ၊

(င) စာပုဒ်တစ်ခုနှင့်တစ်ခု တစ်ဆက်တည်း အဓိပ္ပာယ် ပေါင်းစပ်မယူစေလိုသောနေရာ၌လည်း တစ်ချောင်းပုဒ် ကိုသုံးသည်။

**ပုံစံ။** သူသည် အလွန်သည်းခံ၏။ ဥပမာ၊ သူ၏ထံမှ ငွေချေး၍ ပြန်မပေးသူများကိုပင် ထပ်မံ၍ ငွေချေး၏။
အစည်းအဝေးရည်ရွယ်ချက်၊ လုပ်ငန်းများကို ပြန်လည် သုံးသပ်ရန်၊

၃။ **ပုဒ်ခွဲ။** ပုဒ်ခွဲကိုကား စကားလုံးတစ်ခုနှင့် တစ်ခုအကြားတွင် သာမန် အားဖြင့်သုံးစွဲ၍ ပုဒ်စုချင်း ခွဲခြားလိုသောအခါတွင်ဖြစ်စေ၊ စကားလုံး ပိုင်းခြားဖတ်စေလိုရာတွင်ဖြစ်စေ အတန်ငယ်ခြားသော ကွက်လပ် (အက္ခရာတစ်လုံးစာ)ကို သုံးစွဲကြလေသည်။

**ပုံစံ။** အနောက်မဟာမိတ်နိုင်ငံအတွင်းရှိ စက်မှုလက်မှုနိုင်ငံကြီး များသည် အချင်းချင်းလွတ်လပ်စွာ ကုန်သွယ်ကြမည်ဟု စာချုပ်ချုပ်ဆို ကြ၏။

ကွက်လပ်ကို မြန်မာစာတွင် အသုံးများခဲ့သော်လည်း မျက်မှောက် ခေတ်တွင် ကွက်လပ်အစား အခြားပုဒ်အမှတ်အသားများကို ပြောင်းလဲ ဖြည့်သွင်းလာကြလေသည်။ ထိုသို့ဖြည့်သွင်းသော ပုဒ်အမှတ်အသား နှင့် သုံးစွဲလေ့ရှိသောစနစ်ကိုလည်း အောက်တွင်ဖော်ပြထားပေသည်။ နှစ်သက်သူများက လိုက်နာရေးသားသုံးစွဲနိုင်ကြပေသည်။

၁။ ' , ပုဒ်ကွေး၊ (က) ကော်မာခေါ် ပုဒ်ကွေးကို တစ်ခုထက်ပိုသော နာမ်ပုဒ်များအကြားတွင် သုံးစွဲကြလေသည်။

**ပုံစံ။** မောင်မြ, မောင်လှနှင့် မောင်ခတို့ ပုံပြောပြိုင်ကြသည်။
ကျောင်းသားများသည် စိုက်ပျိုးခြင်း, ပန်းချီဆွဲခြင်း, ရေကူးခြင်းစသည် တစ်ခုခုကို လေ့ကျင့်ဝါသနာထုံသင့်သည်။

(ခ) ပုဒ်ကွေးကို အသံခွဲခြားဖတ်စေလိုသော ဝဏ္ဏစကားလုံးခြားတွင်လည်း သုံးစွဲလေသည်။

**ပုံစံ။** သူသည် မ,တစ်ထောင် တစ်ကောင်ဖွားဖြစ်သည်။
သူစကား စ,ကတည်းက ကျွန်တော်ရိပ်မိသည်။

၂။ " " စွယ်ယှက်၊ အဖွင့်အပိတ် အမှတ်အသားကိုလည်း အောက်ပါ အတိုင်းသုံးစွဲကြလေသည်။

(က) တိုက်ရိုက်ပြောစကားကို မူရင်းစာသားနှင့် ခွဲခြားရာ၌ သုံးလေသည်။

**ပုံစံ။** ဆရာက "အချိန်မှန်မှန် ကျောင်းတက်ရမည်" ဟု မှာကြားသည်။
လူနာက"အမယ်လေး"ဟု တစ်ကြိမ်အော်ဟစ်လိုက်သည်။

(ခ) စကားပုံများကို မူရင်းစာသားနှင့် ခွဲခြားရာ၌သုံးလေသည်။

**ပုံစံ။** ကျွန်ုပ်တို့သည် "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်" ဟူသကဲ့သို့ အောင်မြင်သည်အထိ ဆောင်ရွက်ရမည်။
သူသည်"ဆိုခဲစေ၊ မြဲစေ" သဘောထားသူဖြစ်သည်။

(ဂ) ကောက်နုတ်ချက်များကို ခွဲခြားရာ၌ သုံးလေသည်။

**ပုံစံ။** ပညာရေးရည်ရွယ်ချက်တွင် "သိပ္ပံပညာကို ဦးစား ပေးမည်"ဟူ၍ ဖော်ပြထားလေသည်။
စွယ်ယှက်အမှတ်ကို နှစ်ခုစီအစား တစ်ခုစီ အဖွင့် အပိတ်အနေဖြင့် ' ' ဟူ၍လည်း သုံးစွဲနိုင်လေသည်။

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေး အသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။**



## သန်လျင်မြို့၌ ပရိယတ္တိတံခွန်စာမေးပွဲ ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မဟာခေမိကာရာမရွှေကျင် စာသင်တိုက်ကြီးတွင် ပရိယတ္တိတံခွန်စာပေးပွဲ အကျိုးဆောင်အဖွဲ့ ၏ ပရိယတ္တိတံခွန်စာမေးပွဲ ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သ.စ. အ၊ ပထမကျော်၊ သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ဆရာတော်ကြီးနှင့် ပင့်သံဃာတော် ဆရာတော်ကြီးများအား ပရိယတ္တိတံခွန်စာမေးပွဲ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပရိယတ္တိတံခွန်စာမေးပွဲအတွက် အလှူရှင်များက ငွေပဒေသာပင် အလှူငွေများအားပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူ များက လက်ခံရယူခဲ့ကြကြောင်းနှင့် အလှူငွေစုစုပေါင်း ၂၉၇ သိန်း ရရှိကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

## ရေးမြို့နယ်၌ ဓမ္မစကူးလ် အပတ်စဉ်သင်တန်းဖွင့်

ရေး စက်တင်ဘာ ၁၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဓမ္မစကူးလ် အပတ်စဉ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ရေးမြို့နယ် မရမ်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားကို ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ပညာဇောတက ဖွင့်လှစ်ပေးပြီး ရေးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်



ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦး၊ ရေးမြို့နယ် (ခေတ္တ)တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုငြိမ်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သင်တန်းတွင် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၅၀ အား နည်းပြဆရာမ ၂၀ တို့က အပတ်စဉ်တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲမှ ၁၀ နာရီအထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

## ရမည်းသင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ရမည်းသင်း စက်တင်ဘာ ၁၃

ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်း-ရွှေဒါးလမ်း ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရေး အဆင်ပြေစေရန် အတွက် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၂ ဒသမ ၂၀၀ သန်းဖြင့် ရွာတန်းသဲကျွန်း-ရွှေဒါးလမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်။



ရွာတန်းသဲကျွန်း-ရွှေဒါးလမ်း ကျောက်ချောလမ်းမှာ အရှည် (၀/၂) မိုင်ရှိပြီး အဆိုပါကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးပါက ကျေးရွာမှ ပြည်သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီ BRICS အဖွဲ့အစည်းအဝေးပြင်ပတွင် တွေ့ဆုံဆွေးနွေး

နယူးဒေလီ စက်တင်ဘာ ၁၃



တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ၁၈ကြိမ်မြောက် BRICS အဖွဲ့အစည်းအဝေး၏ ပြင်ပတွင် စက်တင်ဘာ ၁၂ရက်က တွေ့ဆုံ၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကာ အရေးကြီးသည့် သဘောတူညီချက်များ ရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်- အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် အမြင့်မားဆုံးအဆင့်နှင့်ရေရှည်ကိုမြော်တွေးကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။ မိမိတို့နှစ်နိုင်ငံအကြားရှိ အဖွဲ့အစည်းများအချင်းချင်း ကူးလူးဆက်ဆံမှုများရှိပြီး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိကာ နှစ်နိုင်ငံအကြားကုန်သွယ်ရေးမှာလည်း စံချိန်တင်မြင့်တက်နေကြောင်း ၎င်းကပြောကြားသည်။ နှစ်နိုင်ငံအကြား အပြန်အလှန်အားပေးကူညီမှုများဆောင်ရွက်ပြီး ဘုံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကာ ကမ္ဘာ့တောင်ဘက်ခြမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အတွက် အရေးကြီးသည့် တာဝန်များကို မျှဝေထမ်းဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံစလုံးအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အဓိက ဘုံအခြေခံအချက်အဖြစ် အလေးထားဆောင်ရွက်သင့်ပြီး တစ်ချိန်တည်းမှာပင် ချစ်ကြည်ရင်းနှီးသော အပြန်အလှန်ဖလှယ်မှုများနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်မာအားကောင်းစေသင့်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မိမိအကြား အကျိုးရှိစေမည့် ဆွေးနွေးပွဲများစွာကို ပြုလုပ်ခဲ့ပြီး အိန္ဒိယ-တရုတ် ဆက်ဆံရေးကို အပြုသဘောဆောင်သောလမ်းကြောင်းဆီသို့ ဦးတည်စေခဲ့ကာ နှစ်နိုင်ငံစလုံးမှ စုစုပေါင်းလူဦးရေ ၂ ဒသမ ၈ ဘီလီယံကျော်၏ ဘုံအကျိုးစီးပွားကို အထောက်အကူပြုခဲ့ကြောင်း ဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနှင့် တရုတ်တို့၏ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုအမွေအနှစ်ကြီး နှစ်ခုသည် နှစ်ထောင်ပေါင်းများစွာကြာ ကာလတစ်လျှောက် အပြန်အလှန်ဖလှယ်မှုများမှတစ်ဆင့် တစ်ခုနှင့်တစ်ခု သင်ယူလေ့လာခဲ့ကြပြီး လက်တွဲညီညီ ရှေ့ဆက်လှမ်းခဲ့ကြသည်ဟု ၎င်းက ဆိုသည်။

အိန္ဒိယနိုင်ငံသည် အိန္ဒိယ-တရုတ် ဆက်ဆံရေးကို မဟာဗျူဟာမြောက်အမြင်နှင့် ရေရှည်ရှုထောင့်တို့မှ အမြဲတမ်းရှုမြင်လေ့ရှိပြီး တရုတ်နိုင်ငံနှင့် မိတ်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်လိုသကဲ့သို့ တစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြားတစ်နိုင်ငံအတွက် စိန်ခေါ်မှုတစ်ခုအဖြစ် မဟုတ်ဘဲ အခွင့်အလမ်းတစ်ခုအဖြစ် သတ်မှတ်လိုကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## BRICS အဖွဲ့ဝင်ခေါင်းဆောင်များက အရှေ့အလယ်ပိုင်းဒေသအရေးနှင့်ပတ်သက်ပြီး ထိန်းသိမ်းလိုက်နာမှုများလုပ်ဆောင်ရန် တိုက်တွန်းသည့် ပူးတွဲကြေညာချက်ထုတ်ပြန်

နယူးဒေလီ စက်တင်ဘာ ၁၃




BRICS အဖွဲ့ဝင် ဖွံ့ဖြိုးဆဲစီးပွားရေးနိုင်ငံများက အရှေ့အလယ်ပိုင်းဒေသအရေးနှင့် ပတ်သက်ပြီး အမြင့်မားဆုံးသော ထိန်းသိမ်းလိုက်နာမှုများ ပြုလုပ်ကြရန် တိုက်တွန်းထားသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို အတည်ပြုခဲ့ကြသည်။

BRICS ခေါင်းဆောင်များက အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ BRICS ထိပ်သီးအစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပခဲ့သည်။

အစည်းအဝေး၏ ပထမနေ့တွင် အတည်ပြုခဲ့သော ကြေညာချက်၌ အခြေအနေကို ပိုမိုဆိုးရွားစေနိုင်သည့် လုပ်ရပ်များကို ရှောင်ကြဉ်ကြရန် နိုင်ငံများအား တိုက်တွန်းထားသည်။

ဒေသတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ အတွက် အထောက်အကူဖြစ်စေမည့်ရေရှည် နားလည်မှုတစ်ရပ် ရရှိစေရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများနှင့် သံတမန်ရေးရာ ကြိုးပမ်းအားထုတ် မှုများ ပိုမိုလုပ်ဆောင်ကြရန် ခေါင်းဆောင်များက တိုက်တွန်း ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ရာတွင် အီရန်၊ ယူအေအီးနှင့် အခြားနိုင်ငံများအကြား သဘောထားကွဲလွဲမှုများ ရှိခဲ့ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

ကြေညာချက်ပါ အကြောင်းအရာများကို နောက်ကွယ်မှ ညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် အပြီးသတ် ရေးဆွဲခဲ့ကြခြင်းဖြစ်ပြီး အဆိုပါစာတမ်းတွင် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ အမည်များကို တိုက်ရိုက်ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**

## ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က ကလေးများအား ဆိုရှယ်မီဒီယာနှင့် ဉာဏ်ရည်တုနည်းပညာများ၏ အန္တရာယ်မှ ကာကွယ်ပေးသည့် ဥပဒေများကို လက်မှတ်ရေးထိုး

ဝါရှင်တန် စက်တင်ဘာ ၁၃

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က ကလေးများအား ဆိုရှယ်မီဒီယာနှင့် ဉာဏ်ရည်တုနည်းပညာများ၏ အန္တရာယ်မှ ကာကွယ်ပေးသည့် ဥပဒေများကို ယမန်နေ့က လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။

အဆိုပါဥပဒေများအရ ဆိုရှယ်မီဒီယာကုမ္ပဏီများသည် အသက် ၁၆ နှစ်အောက် အသုံးပြုသူများအား ဗီဒီယိုများကို အလိုအလျောက်ဆက်တိုက်ဖွင့်ပြခြင်းနှင့် အသုံးပြုသူ၏ ယခင်ကြည့်ရှုမှုမှတ်တမ်းအပေါ် အခြေခံ၍ အကြောင်းအရာများကို ရွေးချယ်ပြသခြင်းကဲ့သို့သော စွဲလမ်းစေနိုင်သည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်းမှ တားမြစ်ခံရမည်ဖြစ်သည်။ ဥပဒေများကို ချိုးဖောက်ပါက ကုမ္ပဏီများအနေဖြင့် ငွေဒဏ်ပေးဆောင်ရမည်ဖြစ်သည်။ ထို့ပြင် AI chatbot များကို အသုံးပြုသည့် ကလေးများအတွက် ကာကွယ်ပေးသည့် စည်းမျဉ်းများ၊ အစီအမံများကိုလည်း ဥပဒေများက ပိုမိုတင်းကျပ်ခိုင်မာအောင် ပြုလုပ်ထားကြောင်း သိရသည်။

ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ chatbot များသည် လူသားများမဟုတ်ကြောင်း ရှင်းလင်းစွာဖော်ပြသည့် စနစ်တစ်ခုကို မိတ်ဆက်အသုံးပြုရန်နှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်း သို့မဟုတ် ကိုယ်ခန္ဓာကို ထိခိုက်နာကျင်စေခြင်းဆိုင်ရာ ဆွေးနွေးပြောဆိုမှုများ ဖြစ်ပေါ်လာသည့်အခါ မိမိကိုယ်ကို အဆုံးစီရင်ခြင်းမှ ကာကွယ်ပေးရေးဆိုင်ရာ အကူအညီပေးသည့် ဖုန်းလိုင်းနံပါတ်များကို ပြသခြင်းကဲ့သို့သော အစီအမံများကို ထည့်သွင်းလုပ်ဆောင်ရန် ဥပဒေက ပြဋ္ဌာန်းထားသည်။

ထို့ပြင် ကလေးများ၏ အွန်လိုင်းလှုပ်ရှားမှုများကို မိဘများအနေဖြင့် ကြီးကြပ်ထိန်းချုပ်နိုင်စေရေးအတွက် ကုမ္ပဏီများက အားပေးကူညီဆောင်ရွက်ရန်လည်း ဥပဒေတွင် ရေးဆွဲထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် လူငယ်များအနေဖြင့် ဆိုရှယ်မီဒီယာကို စွဲလမ်းလာခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**




## အင်ဒိုနီးရှားနိုင်ငံအနီး ဂျာဗားပင်လယ်ပြင်တွင် လူဦးရေ ၂၄၃ ဦးလိုက်ပါလာသည့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်

ဂျကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံအနီး ဂျာဗားပင်လယ်ပြင်တွင် လူဦးရေ ၂၄၃ ဦး လိုက်ပါလာသည့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း သိရသည်။

Virgo Transport 8 ခရီးသည်တင်သင်္ဘောသည် စက်တင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်တွင် မိုးလေဝသအခြေအနေဆိုးရွားမှုနှင့် ကြုံတွေ့ခဲ့ရပြီးနောက် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

ခြောက်ဦး သေဆုံးပြီး ၁၃၀ မှာ ပျောက်ဆုံးနေကြောင်းနှင့် ၁၀၇ ဦးကို ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောင်ကာလီမန်တန်ဒေသရှိ ဘန်ဂျာမာစင်မြို့သို့ ဦးတည်ခုတ်မောင်းနေသော အဆိုပါသင်္ဘောနှင့် ဆက်သွယ်မှုပြတ်တောက်သွားကြောင်း သင်္ဘောကုမ္ပဏီက စက်တင်ဘာ ၁၃ ရက် အစောပိုင်းတွင် အသိပေးအကြောင်းကြားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။ ထို့ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လူပေါင်း ၁၀၇ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ခြောက်ဦး သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သည်။




ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အဆိုပါသင်္ဘောသည် စက်တင်ဘာ ၁၂ ရက်က အရှေ့ဂျာဗားရှိ ဆူရာဘာယားမြို့မှ ထွက်ခွာကာ တောင်ကာလီမန်တန်ပြည်နယ်ရှိ ဘန်ဂျာမာစင်မြို့သို့ ဦးတည်သွားနေစဉ် မိုးလေဝသအခြေအနေ ဆိုးရွားမှုနှင့်ကြုံတွေ့နေရကြောင်း သင်္ဘောဝန်ထမ်းများက အသိပေးပြောကြားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် သင်္ဘော၏ နောက်ဆုံးတည်နေရာအနီးရှိ ရေပြင်သို့ ဝန်ထမ်းများ၊ သင်္ဘောများနှင့် ရဟတ်ယာဉ်တစ်စင်းတို့ကို စေလွှတ်ထားပြီးဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုးနှင့် လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



တရားခံ မျိုးကိုနှင့် ဇော်လင်းအောင်(ခ)ကိုဆက်(ခ)အငယ်လေးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုးနှင့် လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးမြို့ လှိုင်သာယာရပ်ကွက် အနီးတွင် ကလေးမြို့ ချမ်းမြေ့အောင်စည် ရပ်ကွက်နေ မျိုးကို(၃၀)နှစ် မောင်းနှင်လာသော TOYOTA HILUX DOUBLE CAB အမျိုးအစား ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၂၅၀) နှင့် မြန်မာငွေကျပ် နှစ်သိန်းတို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် စိတ်ကြွဆေးပြားများ လက်ခံရယူသူ ဇော်လင်းအောင်(ခ)ကိုဆက်(ခ) အငယ်လေး(၂၃) နှစ်အား ကလေးမြို့ လှိုင်သာယာ ရပ်ကွက်ရှိနေအိမ်၌ ထပ်မံဖမ်းဆီးရမိသဖြင့် မျိုးကိုနှင့် ဇော်လင်းအောင်(ခ)ကိုဆက်(ခ) အငယ်လေးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်မြို့နယ် (၅)ရပ်ကွက် အေးရိပ်မွန်(၅)လမ်း အတိုင်း လမ်းလျှောက်လာသူ မအူပင်မြို့နယ် ရေလဲကလေးရွာနေ မျိုးဦး (၄၉) နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၂၄၀ ဖမ်းဆီးရမိသဖြင့် မျိုးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် Online လောင်းကစားဂိမ်း ဦးဆောင်လုပ်ကိုင်သူ (Senior Agent) များအား ဖော်ထုတ်ဖမ်းဆီး



ဖြိုးသိင်္ဂီ



နှင်းဝတ်ရည်ကျော်



ကောင်းခန့်ညီ



ချစ်နှင်းဝေ



ဇင်ငြိမ်းသူ



ကျော်စိုးလင်း



ယဉ်ယဉ်နု

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေး တည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သော ဝိသမလောဘသားများသည် Online အခြေပြုလောင်းကစား Website များတည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ကြော်ငြာခြင်း၊ Online လောင်းကစားဂိမ်းကစားနိုင်ရန် တရားမဝင်ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူအချို့အနေဖြင့် ဝင်ရောက်ကစားလျက်ရှိသည်ကို တွေ့ရှိရပြီး ထိုသို့လောင်းကစားဂိမ်းများ ကစားခြင်းကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိ၍ အကျင့်စာရိတ္တပျက်ပြားခြင်း၊ နောက်ဆက်တွဲ ဒုစရိုက်မှုများ ကျူးလွန်ခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်းများ ဖြစ်ပွားသည်အထိ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာလျက်ရှိကြောင်း တွေ့ရှိရသည်။

Online လောင်းကစားဂိမ်းများအား ပြည်သူအများ ပိုမိုကစားလာစေရန်အတွက် Agent Level များ အဆင့်ဆင့် သတ်မှတ်ထားရှိ၍ ဦးစီးဆောင်ရွက်ခြင်း၊ ဆွဲဆောင်စည်းရုံးခြင်းနှင့် လောင်းကစားကွန်ရက် ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အဓိကဦးစီးဆောင်ရွက်သူ Level မြင့် Agent များအား ဖမ်းဆီးရမိရေး အလေးထား ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Ibet 789 Online လောင်းကစားဂိမ်း Senior Agent ဖြိုးသိင်္ဂီအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လက်ကိုင်ဖုန်း နှစ်လုံးဖြင့် လည်းကောင်း၊ Senior Agent နှင်းဝတ်ရည်ကျော် အပါအဝင် တရားခံ သုံးဦးအား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) အိမ်အမှတ်(၆၇၀)၌ လက်ကိုင်ဖုန်း ရှစ်လုံး၊ Laptop တစ်လုံး၊ Tablet တစ်လုံး၊ ယာဉ်တစ်စီးတို့ဖြင့် လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် Online လောင်းကစားဂိမ်း Senior Agent ကျော်စိုးလင်းအား လှိုင်သာယာမြို့နယ် ရေအုပ်ကန်ရပ်ကွက်ရှိ Mandarin Hotel ၌ လက်ကိုင်ဖုန်း နှစ်လုံး၊ ယာဉ်နှစ်စီးတို့ဖြင့်လည်းကောင်း၊ Online လောင်းကစားဂိမ်း Senior Agent ယဉ်ယဉ်နုအား သာကေတမြို့နယ် အနော်မာ(၁) ရပ်ကွက် လမ်းသစ်(၁)လမ်း အမှတ်(၆၆/က)၌ လက်ကိုင်ဖုန်း တစ်လုံးဖြင့် လည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် Online လောင်းကစား လုပ်ငန်းလုပ်ကိုင်သူ တရားခံအမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ခုနစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ Online လောင်းကစားဂိမ်း Agent ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း ၁၃ လုံး၊ Laptop တစ်လုံး၊ Tablet တစ်လုံး၊ ယာဉ် သုံးစီးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်လှစ်၍ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ အလားတူ Online လောင်းကစား Agent အဖြစ် ဦးစီးဆောင်ရွက်နေသူများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် Online လောင်းကစား Agent အဖြစ် ဆောင်ရွက်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မှော်ဘီမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးစန်းထွေး၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးရဲဖြိုး၊ အင်းစိန်မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်မေမြတ်မိုး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်လှိုင်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြောက်ဥက္ကလာပမြို့မရဲစခန်းမှ ရဲအုပ်မျိုးကျော်ကျော် နှင့် တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်လင်းဇော်နှင့် သောင်ကြီးနယ်မြေ ရဲစခန်းမှ ရဲအုပ် ပြေအေးနှင့်အဖွဲ့၊ ဒလမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေး (Home visit)ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း စက်ဘီးဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် လူကူးမျဉ်းကျားမှ ပြည်သူများ လမ်းဖြတ်ကူးစေရေးတို့ကို ဆောင်ရွက်ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ကျော်နှင့် ပူးပေါင်းအဖွဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းနှင့် ပူးပေါင်းအဖွဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းမြင့်နှင့် ပူးပေါင်းအဖွဲ့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်မင်းဇော်ထက်နှင့်အဖွဲ့တို့က မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် ကေတီဗွီဆိုင်အား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း – အောင်သူ**
**ဓာတ်ပုံ – တိုင်းရဲတပ်ဖွဲ့**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ရေချိုးတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးနှင့် ကြိုတင်ကာကွယ်နိုင်စေဖို့ စီမံခန့်ခွဲဆောင်ရွက်စို့

ကိုကျော်စွာ(ကျိုက်ပိ)

**ယနေ့ခေတ်တွင် သဘာဝဘေးအန္တရာယ်က နိုင်ငံအသီးသီးကို ခြိမ်းခြောက်လျက်ရှိသည်။ နိုင်ငံအချို့၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုသတင်းများကို မကြာခဏကြားသိနေရသည်။ သဘာဝဘေးအန္တရာယ်သည် လူသားနှင့် အခြားသောသက်ရှိတို့အတွက် လွန်စွာအန္တရာယ်များလှသည်။ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာပေါ်တွင် သဘာဝဘေးကြောင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ကြဖို့ လိုအပ်ပါသည်။**

### သဘာဝဘေးအန္တရာယ်ဆိုသည်မှာ

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရုတ်တရက်သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုလုပ်ဆောင်ရွက်မှု၊ မတော်တဆမှုများကြောင့်ဖြစ်စေ၊ လူတို့၏ပေါ့လျော့မှုကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များဖြစ်သည်။ ထိုသဘာဝဘေးအန္တရာယ်များမှာ မီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းဖြစ်ခြင်း၊ ရေလွှမ်းမိုးမှုဖြစ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မိုးအလွန်အကျွံရွာခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ခြင်း၊ ဆီးနှင်းကျခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြစ်ပေါ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်းအန္တရာယ်ကျရောက်ခြင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့် စိုက်ခင်းများပျက်စီး၍ ငတ်မွတ်ခေါင်းပါးခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ စက်မှုလုပ်ငန်းများနှင့် ဓာတုပစ္စည်းများကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်း၊ အဏုမြူကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့ယိုဖိတ်ခြင်းကြောင့်ဖြစ်စေ ကျရောက်လာသော ဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်များဟု သတ်မှတ်ကြောင်း သိရသည်။

### သဘာဝဘေးအန္တရာယ်၏ရင်းမြစ်များ

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ဆက်တိုက်ဆိုသလိုဖြစ်ပေါ်နေသည်။ ထိုကဲ့သို့ ဘာ့ကြောင့်ဖြစ်ပေါ်နေသနည်း။ ထိုပြဿနာကို မည်သို့ဖြေရှင်းကြမည်နည်း စဉ်းစားသုံးသပ်ဖို့လိုပါသည်။ အထူးသဖြင့် သဘာဝဘေးကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းကို ဦးစွာရှာဖွေကြရပါမည်။ အထူးသဖြင့် ကမ္ဘာ့ရာသီဥတုကမောက်ကမဖြစ်ခြင်း သို့မဟုတ် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းတို့ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မိုးခေါင်၍ ပူပြင်းခြောက်သွေ့ခြင်းတို့ ပါဝင်သည်။ မိုးကြီးခြင်းဆိုသည်မှာ မိုးနည်းသောဒေသများ၌ မိုးအလွန်အကျွံရွာခြင်းမျိုးဖြစ်သည်။ ထိုအခါ ရေကြီးရေလျှံခြင်းဖြစ်ပေါ်လာသည်။ မိုးခေါင်ခြင်းဆိုသည်မှာ မိုးအများအပြားရွာသွန်းရမည့်ဒေသများ၌ မိုးမရွာခြင်းဖြစ်စဉ်မျိုးဖြစ်သည်။ ထိုအခါ အဆိုပါဒေသ၌ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းများကျရောက်ခြင်းတို့ ခံစားကြရသည်။ ထို့ပြင် သစ်တောပြုန်းတီးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီသိန်းဓာတ်ငွေ့၊ အိုဇုန်းဓာတ်ငွေ့၊ နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့၊ ဖန်လုံအိမ်ဓာတ်ငွေ့ စသည့်ဓာတ်ငွေ့များ ကမ္ဘာ့လေထုအတွင်းသို့ အလွန်အကျွံထုတ်လွှတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံမှ ဓာတုပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့သည် ကမ္ဘာ့လေထုကို ထိုးဖောက်ပြီး ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ သဲကန္တာရများ၊ မြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်သမုဒ္ဒရာများ၊ ရေခဲပြင်များ၊ အပင်များပေါ်သို့ကျရောက်ပြီး အပူလှိုင်းအဖြစ်သို့ပြောင်းသွားသည်။ ထိုဓာတ်ငွေ့က ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည်။ ထို့ပြင် ကာဗွန်ဓာတ်ငွေ့ ကမ္ဘာ့လေထုထဲများပြာလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုရှိလာခြင်းကြောင့် ၁၉၉၈ ခုနှစ်ဝန်းကျင်မှစ၍ ကမ္ဘာတစ်ဝန်း အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ မုန်တိုင်းများဖြစ်ပေါ်လာပြီး ရေကြီးခြင်း စသည့် ဆိုးရွားသောသဘာဝဘေးအန္တရာယ်များကို ဖြစ်ပေါ်စေသည်။

### လူ့ပယောဂနှင့် သဘာဝဘေးအန္တရာယ်

သဘာဝဘေးအန္တရာယ်ဖြစ်ရခြင်းသည် အထူးသဖြင့် လူတို့၏ပယောဂလည်းမကင်းပေ။ ၂၁ ရာစုသည် စက်မှုခေတ်ဖြစ်သည့်အားလျော်စွာ ယင်း၏အကျိုးဆက်အနေဖြင့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့နိုင်ငံအသီးသီး ခံစားနေကြရသည်။ သဘာဝဘေးအန္တရာယ်ကို အကျဉ်းအားဖြင့်ဆိုလျှင် သဘာဝအလျောက်ဖြစ်သော ဘေးအန္တရာယ်(Natural Hazards)နှင့် လူသားတို့ဖန်တီးသောဘေးအန္တရာယ်(Man Made Hazards)ဟူ၍ နှစ်မျိုးရှိသည်။ ဥပမာ-သဘာဝအလျောက်ဖြစ်သော သဘာဝဘေးအန္တရာယ်မှာ မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆည်ကျိုးပေါက်ခြင်းနှင့် နည်းပညာဆိုင်ရာဘေးအန္တရာယ်တို့ဖြစ်သည်။ လူသားတို့ဖန်တီးမှုကြောင့်ဖြစ်သော သဘာဝဘေးအန္တရာယ်မှာ သစ်တောပြုန်းတီးမှု၊ ဓာတ်ငွေ့ထုတ်လွှတ်မှု၊ စက်ရုံ၊ အလုပ်ရုံရှိညစ်ညမ်းပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်မှုတို့ကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်တို့ဖြစ်သည်။ ထို့ပြင် ရေနံယိုစိမ့်မှု၊ သဘာဝဓာတ်ငွေ့ယိုစိမ့်မှု၊ အဏုမြူအဆိပ်သင့်ခြင်းတို့လည်း ပါဝင်သည်။ ထို့ပြင် သစ်တောသစ်ပင်များ အလွန်အကျွံခုတ်ယူခြင်းကြောင့် လေထုထဲရှိ ကာဗွန်စုပ်ယူမှုနည်းပါးလာသဖြင့် ဥတုဖောက်ပြန်၍ ဘေးအန္တရာယ်ကျရောက်မှုမျိုးကို ကြုံတွေ့လာရသည်။ အထူးသဖြင့် အရင်းစစ် အမြစ်မြေကဆိုသလို သဘာဝဘေးအန္တရာယ်အများစုသည် လူ့ပယောဂကြောင့်အဖြစ်များသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအား သဘာဝပတ်ဝန်းကျင်ကိုချစ်တတ်၊ ထိန်းသိမ်းတတ်အောင် လက်ဆင့်ကမ်းပေးဖို့ များစွာလိုအပ်ပါသည်။

### သဘာဝဘေးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေး

သဘာဝဘေးအန္တရာယ်သည် ရုတ်တရက်ဖြစ်ပေါ်လေ့ရှိသည်။ ပြည်သူများအနေဖြင့် သတိပေးချက်များ၊ မိုးလေဝသသတင်းများကို နေ့စဉ်မပျက်နားထောင်ကြဖို့လိုပါသည်။ သဘာဝဘေးအန္တရာယ်ကို မည်ကဲ့သို့ ကာကွယ်ကြမည်နည်း။ ကာကွယ်နည်းကများလှပေသည်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကို ဖြစ်စေနိုင်သောအကြောင်းရင်းများကို တတ်နိုင်သမျှလျှော့ချရမည်။

မိမိတို့နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်လွန်ကဲခြင်းကို ၂၀၂၄ ခုနှစ် နွေဥတု၌ ခံစားခဲ့ရသည်။ ကမ္ဘာ့နိုင်ငံများအနက် အပူချိန်မြင့်မားမှုစံချိန်တင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် သတိပြုစရာ ရာသီဥတုဖောက်ပြန်မှုကို တွေ့မြင်ခဲ့ရသည်။ ဥရောပနိုင်ငံများတွင် စံချိန်တင်အပူလွန်ကဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ဂျာမနီ၊ဂရိ၊ ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့၌ အပူချိန်လွန်ကဲမှုကြောင့် မြို့ပြနေထိုင်မှုပုံစံများ ပြောင်းလဲလာသည်ဟု သိရသည်။ အဆိုပါအပူလွန်ကဲခြင်းကြောင့် တောမီးလောင်ကျွမ်းခြင်း၊ ကောက်ပဲသီးနှံများပျက်စီးခြင်း၊ ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများ ခေတ္တပိတ်ထားရခြင်းနှင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးပြဿနာများကိုပါ ရင်ဆိုင်ကြုံတွေ့လာကြရသည်။ မိမိတို့နိုင်ငံတွင်လည်း ရေကြီးရေလျှံမှုကြောင့် အလားတူဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်။ ရေကြီးရေလျှံဖြစ်ပါက စိုက်ပျိုးရေးကို များစွာထိခိုက်စေသည်။ အထူးသဖြင့် မိမိတို့နိုင်ငံမှာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် နိုင်ငံနှင့် ပြည်သူတို့၏အကျိုးစီးပွားကိုထိခိုက်စေပါသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဖြစ်စေသော အစွန်းရောက်ရာသီဥတုများမဖြစ်အောင် ကာကွယ်ကြရပေမည်။ အစွန်းရောက်ရာသီဥတုကိုကာကွယ်နိုင်ရန် သစ်တောများဖန်တီးခြင်း၊ ကမ္ဘာ့လေထုကို ညစ်ညမ်းစေသည့် ဓာတ်ငွေ့များလျော့ကျအောင် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ်အောင် ထိန်းသိမ်းကာကွယ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံရှိရေဆိုးများကို စနစ်တကျစွန့်ပစ်ခြင်းတို့အပြင် သဘာဝသစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်းတို့ကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြရန်လိုပါသည်။ ထို့ပြင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကို သင်ခန်းစာယူကြရပေမည်။ မြန်မာနိုင်ငံတွင်မှ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ကဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကြောင့် အသက်၊ အိုးအိမ်စည်းစိမ်နှင့် အခြားဆုံးရှုံးမှုများစွာရှိခဲ့ပါသည်။ ထို့ပြင် ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာနိုင်ငံနေရာအတော်များများ၌ ရေကြီးရေလျှံဖြစ်၍ အသက်၊ အိုးအိမ်စည်းစိမ်များပျက်စီးခဲ့ရသည်။ အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများဖြစ်သည်။ စနစ်ကျသောရေလှောင်တမံများဖြင့်လည်း ရေကြီးရေလျှံသဘာဝဘေးကိုကာကွယ်နိုင်ပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေများ၊ မြစ်ရေများမှစီးဆင်းလာသောရေများကို ရေလှောင်တမံများဖြင့် တည်ဆောက်ထိန်းသိမ်းနိုင်သည်။ မြစ်တို့၏သဘောမှာ မြင့်ရာမှနိမ့်ရာသို့သာစီးဆင်းသည့်သဘောရှိပေရာ အများအားဖြင့်ရေလှောင်တမံများသည် အမြင့်ပိုင်းများ၌သာတည်ရှိကြသည်။ အထက်ပိုင်းမှစီးဆင်းလာမည့်ရေကို ထိန်းထားခြင်းဟုယူဆနိုင်သည်။ သို့မဟုတ်ပါက မိုးသည်းထန်စွာရွာပြီး မြစ်ရေကြီးကာ အထက်ပိုင်းမှရေများ အောက်ဘက်သို့ အရှိန်အဟုန်ပြင်းစွာ အလုံးအရင်းဖြင့်စီးဆင်းလာပါက အောက်ပိုင်းတွင်နေထိုင်သူများ ပို၍အန္တရာယ်များနိုင်ပါသည်။ ထိုသို့မဖြစ်အောင် ဆည်ကရေကို ထိန်းပေးထားခြင်းသဘောဖြစ်သည်။ တချို့က ဆည်များကိုကြီးမားသော အန္တရာယ်ပေးနိုင်သည်ဟု ယူဆနေကြသည်။ ထို့ပြင် ငလျင်ဖြစ်ပေါ်နိုင်မည့်ဒေသများကို ငလျင်ဒဏ်ခံနိုင်သောအဆောက်အအုံများတည်ဆောက်ထားခြင်း၊ ဘေးကင်းလုံခြုံရာနေရာကို ကြိုတင်သတ်မှတ်ရွှေ့ပြောင်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် သစ်တောများတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ရေစီးအရှိန်ကိုလျော့နည်းစေသလို သစ်မြစ်များက မြေဆီလွှာကို ကုပ်တွယ်ထားကြသဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကာကွယ်နိုင်ပါသည်။

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေရည်ရွယ်ချက်

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးမှုများကို လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများပါဝင်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအပြင် သဘာဝဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအားလုံး အကျုံးဝင်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းခဲ့သည်။ ဥပဒေ၏ရည်ရွယ်ချက်များမှာ-

(က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများလျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ ထိရောက်လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသအဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့်လူမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်နေကြရသည်။ ထိုသို့ဖြစ်ရခြင်းမှာ လူသားတို့၏လောဘ၊ အတ္တများကြောင့်ဖြစ်သည်။ အကြောင်းမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ကိုမသိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့်အရာများကို နေ့စဉ်နေ့တိုင်းလုပ်ဆောင်နေကြသည်။ အချို့သောနိုင်ငံများကမူ သဘာဝဘေးဖြစ်မှုကိုအားပေးသည့် ကာဗွန်ကိုလျှော့ချနိုင်ရန်အတွက် နီးသောခရီးကို ခြေကျင်လျှောက်ကြသည်။ ကာဗွန်ကင်းမဲ့ဇုန်များ ဖန်တီးလာကြသည်။ အရေးကြီးဆုံးအချက်တစ်ချက်မှာ မျိုးဆက်သစ်လူငယ်များအား သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်အောင် သင်ကြားပေးဖို့လိုသည်။ အနာဂတ်လူငယ်များ ပတ်ဝန်းကျင်ကိုချစ်မြတ်နိုးတတ်မှ နောင်မျိုးဆက်သစ်များကိုထပ်၍ လက်ဆင့်ကမ်းပေးနိုင်ပေလိမ့်မည်။ သို့မှသာစိမ်းလန်းသောကမ္ဘာကြီးဖြစ်ပေမည်။ ထိုသို့ဖြစ်မှ သဘာဝဘေးလျော့ပါးသော အနာဂတ်တစ်ခုဖြစ်စေနိုင်မည်ဖြစ်ကြောင်းရေးသားတင်ပြလိုက်ပါသည်။ ။

**ကိုးကား - သုတပဒေသာစာစောင် (October -၂၀၁၈)။**

❖ **စနစ်ကျသောရေလှောင်တမံများဖြင့်လည်း ရေကြီးရေလျှံ သဘာဝဘေးကိုကာကွယ်နိုင်ပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေများ၊ မြစ်ရေများမှစီးဆင်းလာသော ရေများကို ရေလှောင်တမံများဖြင့် တည်ဆောက်ထိန်းသိမ်းနိုင်**

❖ **ငလျင်ဖြစ်ပေါ်နိုင်မည့်ဒေသများကို ငလျင်ဒဏ်ခံနိုင်သောအဆောက်အအုံများ တည်ဆောက်ထားခြင်း၊ ဘေးကင်းလုံခြုံရာနေရာကို ကြိုတင်သတ်မှတ်ရွှေ့ပြောင်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် သစ်တောများတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ရေစီးအရှိန်ကိုလျော့နည်းစေသလို သစ်မြစ်များက မြေဆီလွှာကို ကုပ်တွယ်ထားကြသဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကာကွယ်နိုင်**

## လူငယ်နှင့်ဘဝ အောင်မြင်ရေး

# အသွားနှစ်ဖက်ရှိသောစိတ်

## သူ့မနာလို ကိုယ်အကျိုးပျက်

**ပီမိုးနှင်း**

**မိမိကြီးပွားလိုသောစိတ်သည် သူတစ်ပါးကို မနာလိုသောစိတ်ထွက်ပေါ်လာရာ အကောင်းမှ အဆိုးဖြစ်တတ်လေသည်။**

"အကြံတူ ရန်သူ"ဟူသောစကားသည် ယခုကာလမှာ အထူးမှန်၍နေ၏။ အများအားဖြင့် အလုပ်တူသူများသည် တစ်ဦးကိုတစ်ဦး ကြည့်ကြရာ၌ အပျက်ကိုသာ မြင်တတ်ကြ၏။ တစ်ဦးအကြောင်းကို တစ်ဦးပြောရာ၌ ပျက်တော့မည့်အကြောင်းကိုသာ ပြောတတ်ကြလေသည်။

မည်သူ့အလုပ်တော့ မည်သို့ဖြစ်နေတာပဲ။ လူက တော်တော်ခွကျတာ လူခက်ပဲ။ ကျုပ်လည်း တွေ့တိုင်း သတိပေးပါတယ်။ သို့ပေမဲ့ မဟန်ပါဘူး။ ကြံပုံ စည်ပုံ အတော်သားဗျာ။ လူပြောရင် ယုံတတ်တာက ခွကျတယ်။ ကြားရတဲ့အလိုတော့ ဟန်မကျပါဘူး။

ဘယ်သူဖြင့် သိပ်သနားစရာကောင်းတာပဲ။ အခု ဟန်ပဲရှိရှာတော့တယ်။ ဘာမျှမရှိဘူး။ သူ့မယားက ဘယ်လိုလား၊ မယားကြောင့် ခက်နေတာ။ ပင်ကိုတော့ လူကောင်းပါပဲ။ အခုတစ်လော လန်ချားနဲ့ သွားနေရရှာတယ်။ ကားက ဘယ်ရောက်သလဲ။

တိုက်က ပြန်သိမ်းသွားတယ်လို့ကြားတာပဲ။ ဒါမျိုးတွေခက်တာပေါ့။ ဖြစ်မယ့်ကြံ ကားတိုက်ခံရဆိုတာလို မှန်မှန်လေးသွားရင် အပုံကြီးဟန်နေဖို့။

ဤစကားမျိုးသည် အလုပ်တူသူများ တစ်ယောက်အကြောင်းကို တစ်ယောက်ပြောသော ကရုဏာစကားမျိုးတွေ ဖြစ်ကြလေသည်။

ထိုစကားမျိုးတို့သည် ထိုစိတ်မျိုးတို့မှ ထွက်သောစကားမျိုးများဖြစ်လေရာ ထိုစိတ်မျိုးသည် အပျက်ကို ရှုမြင်၍နေသောစိတ်မျိုးဖြစ်သဖြင့် အများအားဖြင့် ပျက်ကြရလေသည်။

လူ၏အပြင်အခြေအနေကိုထားရှိသော စိတ်နှင့် ပြောသောစကားသည် ဖန်တီးစီမံလေသည်။ စိတ်၌အပျက်များအံ့။ အပြော၌ အပျက်စကားများအံ့။ အပျက်နှင့် ကြုံတွေ့ရမည်သာတည်း။

မိမိကိုယ်တိုင်နှင့်ပတ်သက်၍လည်း အပျက်ကို မတွေးရ၊ အပျက်ကိုမပြောရ၊ သူတစ်ပါးနှင့်ပတ်သက်လည်း အပျက်ကိုမတွေးရ၊ အပျက်ကို မပြောရပေ။ အပျက်ကိုတွေးခြင်း၊ ပြောခြင်းသည် မည်သူ၏အကြောင်းနှင့်ပင် ပတ်သက်စေကာမူ ရှေးဦးပထမ မိမိကိုယ်ကိုထိခိုက်၏။ မိမိကိုယ်တိုင် အရင်ပျက်အောင် ပြုစားခြင်းပင်ဖြစ်လေသည်။

> **သူ့မနာလို ကိုယ့်အကျိုးမရှိဟူသောစကားထက် သူ့မနာလို ကိုယ့်အကျိုးပျက်ဟူသောစကားက ပိုမို၍မှန်လေသည်။ ထိုကဲ့သို့ဖြစ်တတ်ခြင်းမှာ မလွဲနိုင်သောစိတ်ဓာတ်၏ သဘာဝတရားအတိုင်းဖြစ်လေသည်။ ထိုစိတ်သည် လူတိုင်းမှာ အနည်းအများရှိတတ်၏။ အလုပ်တူသူတို့မှာ သာ၍များ၏။ ထိုစိတ်မှာ အသွားနှစ်ဖက်ရှိ၏။ သို့ အသွားနှစ်ဖက်စလုံးမှာ မိမိကိုယ်ကို ပြန်၍လှီးသော အသွားများသာဖြစ်**

Pessimist ခေါ်သောစကားသည် မြန်မာဘာသာစကား၌ တစ်လုံးတည်းမရှိ။ ပါဠိတတ်သူများသည် စကားအသစ်လုပ် ထွင်သင့်ကြလေသည်။ ထိုစကား၏အဓိပ္ပာယ်မှာ အပြစ်ကိုမြင်သူ၊ အပျက်ကို ထင်မြင်သူ၊ တစ်စုံတစ်ရာလုပ်မည့်အခါ မဖြစ်ပါဘူးဟု တွေးသူ၊ အကောင်းကို မထင်မမြင်၊ မမျှော်မလင့် အဆိုးကိုမျှော်လင့်သူ၊ လောကကြီးတစ်ခုလုံးမကောင်းဟု စွပ်စွဲသူ။ ကောသလမင်းကြီး၏ အိပ်မက်မျိုးနှင့်တူသော အစွဲရှိသူ။ ဤလိုလူမျိုးကို ဆိုလို၏။

Optimist မှာ ထိုလူမျိုးနှင့် ဖီလာဖြစ်သူ၊ စိတ်ထက်သန်သူ၊ အားကိုးယုံကြည်သူ၊ ဖြစ်မြောက်အောင်မြင်ရမည်ဟု ယုံကြည်မျှော်လင့်သူ၊ သူတစ်ပါးအကြောင်း အကောင်းကို ထင်မြင်ပြောဆိုသူ။ မိမိကိုယ်တိုင်အကြောင်း အကောင်းကိုတွေးသူ။ ဤလိုလူမျိုးကို ဆိုလိုသည်။

ထိုလူနှစ်မျိုးအနက် ဤဒုတိယလူမျိုးက ပိုမိုကြီးပွားအောင်မြင်ကြလေသည်။ အကြောင်းမူကား ထိုလူမျိုး၏စိတ်သည် အောင်စိတ်ဖြစ်လေသည်။ ၎င်းတို့ကို လက်ယာသမား၊ ပထမလူစားကို လက်ဝဲသမားဟု ခေါ်လိုက ခေါ်နိုင်လေသည်။

မနာလိုသောသူသည်လည်း လက်ဝဲသမားဖြစ်၏။ မနာလိုသောသူသည် သူတစ်ပါး မိမိထက်သာသွားမည်ကို ကြောက်ရွံ့သူဖြစ်လေသည်။ ထိုကြောက်စိတ်သည် မိမိကိုယ်ကို အထင်သေးသောစိတ်ဖြစ်၏။ ငါ့ထက် သူသာချေရဲ့ဟူသောအစွဲသည် ငါ သူ့လောက်မဟန်ဟူ၍ ဝန်ခံခြင်းပင်ဖြစ်လေသည်။ ထိုဝန်ခံစိတ်မှာ ဝန်ခံသည့်အတိုင်းဖြစ်အောင် ဖန်တီး၍ပေးသော သတ္တိအစွမ်းရှိလေသည်။

ထို့ပြင် မနာလိုသူအပေါ်၌လည်း ပျက်စေလိုသောစိတ်ကိုထားလေရာ ထိုအပျက်စိတ်သည် ရှေးဦးပထမ မိမိကိုယ်တိုင်ကို ထိခိုက်သည်သာများလေသည်။

သို့ဖြစ်လေရာ မနာလိုစိတ်သည် ကိုယ်တိုင်ကို ရှေးဦးပထမ ပျက်အောင်ပြုစားသော အပျက်စိတ်ပင်ဖြစ်လေသည်။ စိတ်၌ရှိသောအမှုအရာသည် အပြင်အပ၌ သဏ္ဌာန်ကိုဖြစ်စေနိုင်သော သတ္တိနှင့်ပြည့်စုံကြောင်း ဆိုင်ကိုလိုဂျီကျမ်းများက ဆို၏။

ဥပမာ အိမ်တစ်အိမ်ကိုကြည့်ကာ ညတက်ခိုးရလျှင် အင်မတန်လွယ်မှာပဲဟု မကြာမကြာတွေးမိအံ့။ တကယ်ခိုးဖို့ပင် စိတ်မရှိစေကာမူ ခိုးမှုတစ်ခုခုကို ပြုဖို့ရန် တစ်နည်းနည်းနှင့် လမ်းအခွင့်ပေါ်ပြီး ခိုးမှုကိုပြုမိလေသည်။

ထိုအိမ်ကိုပင် မခိုးစေကာမူ အခြားအိမ်မှဖြစ်စေ ခိုးတတ်၏။ သို့မဟုတ် ခိုးမှုနှင့်အလားတူသော ပြစ်မှုတစ်ခုခုကို ပြုမိတတ်လေသည်။ အနည်းဆုံး ခိုးရာပါပစ္စည်းကို အချောင်ဝယ်မိတတ်၏။ သူခိုးလက်ခံသော်လည်းကောင်း ဖြစ်ရတတ်လေသည်။

သူ့မနာလို ကိုယ့်အကျိုးမရှိဟူသောစကားထက် သူ့မနာလို ကိုယ့်အကျိုးပျက်ဟူသောစကားက ပိုမို၍မှန်လေသည်။ ထိုကဲ့သို့ဖြစ်တတ်ခြင်းမှာ မလွဲနိုင်သောစိတ်ဓာတ်၏ သဘာဝတရားအတိုင်း ဖြစ်လေသည်။ ထိုစိတ်သည် လူတိုင်းမှာ အနည်းအများရှိတတ်၏။ အလုပ်တူသူတို့မှာ သာ၍များ၏။ ထိုစိတ်မှာ အသွားနှစ်ဖက်ရှိ၏။ သို့ အသွားနှစ်ဖက်စလုံးမှာ မိမိကိုယ်ကို ပြန်၍လှီးသော အသွားများသာ ဖြစ်လေသည်။

ထိုအသွားနှစ်ဖက်ကား တစ်ဖက်သားကို ပျက်စေလိုသောအသွားကတစ်ဖက်၊ မိမိကိုယ်ကို ယုတ်နိမ့်သည်၊ သူ့ထက် အောက်ကျ၍သွားမည်ကို ကြောက်ရွံ့သော အသွားကတစ်ဖက် ဤနှစ်ဖက် ဖြစ်လေသည်။

ထိုစိတ်၏အရင်းမူလမှာ ဆိုးသွမ်းသည်မဟုတ်။ ထိုမူလရင်းစိတ်မှာ မိမိကိုယ်ကို ကြီးပွားခိုင်လုံစေလိုသောစိတ်၊ တိုးတက်လိုသောစိတ်ပင် ဖြစ်လေသည်။ ထိုစိတ်မှ သူတစ်ပါးကို ပျက်ပြားစေလိုသော မနာလိုစိတ် ထွက်ပေါ်လာရာ အကောင်းမှ အဆိုး အတက်ပေါက်ခြင်းတစ်မျိုးပင်ဖြစ်လေသည်။

ဘားမားဂျာနယ်၊ နံပါတ် ၂၄၊
နတ်တော်လဆန်း ၂ ရက်၊ ၁၂၉၈



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မြို့မရုံးဦးဘုန်းတော်ကြီးကျောင်းတိုက်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော်သူ ကြီးကြပ်ပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းမင်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မျိုးဝင်းညို(ကျွန်းလှ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာရှိ သန္တိသုခရွှေမေတ္တာ ဘုန်းတော်ကြီးကျောင်း၌ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွဋ်နောင်နောင်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုကိုရှုပ(နေပြည်တော်)

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန် မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက် မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက် ရှိသော အရေးပေါ် မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ လောကမှန်ကူသိဒ္ဓိရှင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စန်းယုနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်ကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းစိုးလွင်တို့၏ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်မိသားစု ၇၂ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျော်ဇင်စိုး(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
   (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
   (၁) ၀၉-၃၄၉၀၃၅၅၃၄
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
   (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
   (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
   (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
   (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
   (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
   **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -**

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစု လုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
   (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
   (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
   (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
   (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
   (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
   (က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
   (ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
   (ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

**ပူနွေးကမ္ဘာ တားဆီးရာ**
**ဖြေရှာတစ်ခု တောပြုစု။**

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အိမ်သည် ဘေးအန္တရာယ်၏သက်ရောက်မှုကို ပထမဆုံးခံစားရသည့်နေရာဖြစ်သကဲ့သို့ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည်ရှိမှုတည်ဆောက်ရေး၏ အဓိကနေရာလည်းဖြစ်သည့်အတွက် နေအိမ်များဘေးဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ရပ်ရွာလူထုအပါအဝင် မိသားစုများအနေဖြင့် နေအိမ်များတည်ဆောက်ရာတွင် ဘေးကင်းလုံခြုံသောနေရာ၊ တည်ဆောက်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် ပံ့ပိုးကူညီမှုများကို စနစ်တကျအသုံးချ၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အိမ်တစ်အိမ်ချင်း ဘေးအန္တရာယ်ကြံ့ကြံ့ခံရင်ဆိုင်နိုင်မှုမှသည် ရပ်ရွာအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စေရေး ဆောင်ရွက်ရန်အချက်များကို ထည့်သွင်းစဉ်းစားရေးသား၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ကွန်ပျူတာစာလုံး(Pyidaungsu)၊ စာလုံးအရွယ်အစား ၁၃ (Font Size 13)၊ စာကြောင်း အကွာအဝေး ၁ ဒသမ ၃ (Line Spacing 1.3)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်)၊ Microsoft Word ဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မပိုစေရ။

(ခ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဟုတ်ကြောင်းနှင့် ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုလွှာနှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ဂ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော သတ်မှတ်ချက်များနှင့်မပြည့်စုံသောဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူများနှင့် ဆုရစာမူများကို သင့်လျော်သလို တရားဝင်အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသောဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/ Soft Copy) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ပတ်စပို့အရွယ် ရောင်စုံ ဓာတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းအမှတ်တို့နှင့်အတူ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁၊ Email လိပ်စာ cr.research23@gmail.com သို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲသို့ စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တက်ဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းတောင်ပေါ်ရှိ ရေကျောက်စေတီတော် ပရိဝုဏ်၌ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဝင်းအောင် ဦးဆောင်၍ မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၊ သီးခြားတပ်ဖွဲ့ စု/စိတ်များရှိ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တပ်နယ်ကွက်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဟိုပုံးမြို့နယ် ပြည်သူ့ဆေးရုံ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းရှိ အမှိုက်များ ရှင်းလင်းနေမှုကို ဟိုပုံးတပ်နယ်မှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)





(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၌ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းအောင်ကျော်၏ ကြီးကြပ်မှုဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်စဉ်။

စည်သူ(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## “ကျန်းမာသော လူမှုဘဝရရှိဖို့ နေ့စဉ်ဆောင်ရွက်ကြပါစို့”

### (က) အစာအာဟာရမျှတစွာ စားသုံးပါ

- သန့်ရှင်းလတ်ဆတ်သော အသား၊ ငါးများကို ကျက်အောင်ချက်၍ စားသုံးပါ၊
- သန့်ရှင်းလတ်ဆတ်သော အသီးအရွက်၊သစ်သီးဝလံများ များများ စားသုံးပါ၊
- အာဟာရဖြစ်စေရန် အစားအစာမျိုးစုံကို စုံလင်မျှတအောင်စားပါ၊
- သန့်ရှင်းသောရေကို နေ့စဉ်လုံလောက်စွာ သောက်သုံးပါ၊
- ချိုလွန်း၊ ငန်လွန်းသောအစားအစာများကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ဆီနှင့်အဆီ စားသုံးမှု လျှော့ချပါ။





### (ခ) တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်ပါ

- အစာမစားမီနှင့်အစာစားပြီးချိန်၊ အညစ်အကြေးများကိုင်တွယ်ပြီးချိန်၊ အိမ်သာအသုံးပြုပြီးချိန်တို့တွင် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စနစ်တကျဆေးကြောပါ၊
- ယင်လုံအိမ်သာ အသုံးပြုပါ၊
- စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ။





### (ဂ) ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ပါ

- အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ စသော မကူးစက်နိုင်သောရောဂါများကို ကာကွယ်ရန် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ၊
- အသက်အရွယ်နှင့် လိုက်လျောညီထွေဖြစ်မည့် သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန်ပြုလုပ်ပါ၊
- လုံလောက်စွာ အိပ်စက်အနားယူပါ။




### (ဃ) ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းမှရှောင်ကြဉ်ပါ

- ဆေးလိပ်နှင့် အီးစီးကရက်သောက်ခြင်းကို ရှောင်ကြဉ်ပါ၊
- ကွမ်းစားခြင်း၊ ဆေးငုံခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ၊
- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ (ဥပမာ-ဘိန်း၊ ဆေးခြောက်၊ WY ဆေးပြား၊ Happy Water ...) သုံးစွဲခြင်းကို လုံးဝရှောင်ကြဉ်ပါ။




**“သက်ရှည်ကျန်းမာစိတ်ချမ်းသာဖို့၊ ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင်မှုဘဝပုံစံများကို နေ့စဉ်ဆောင်ရွက်ကြပါစို့”**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 7 Countries & Nationalities (နိုင်ငံများနှင့် နိုင်ငံသားအမည်များ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Lesson 8 Hobbies and Free Time (အားလပ်ချိန်နှင့် ဝါသနာများ) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။ (ယခင်တစ်ပတ်မှ အဆက်)

## Lesson 7 Countries & Nationalities (နိုင်ငံများနှင့် နိုင်ငံသားအမည်များ)

**Exercise 7: Make sentences.**

Use the words to make correct sentences.

(1) from / I / Myanmar / am

→ ______________________________

(2) Japanese / is / She

→ ______________________________

(3) from / He / China / is

→ ______________________________

(4) Thai / They / are

→ ______________________________

(5) from / We / France / are

→ ______________________________

(6) Indian / is / My friend

→ ______________________________

**Exercise 8: Speaking Practice (စကားပြောလေ့ကျင့်ပါ။)**

**Student A:** Where are you from?

**Student B:** I am from Myanmar.

**Student A:** What nationality are you?

**Student B:** I am Myanmar.

********************************

## Lesson 8 Hobbies and Free Time (အားလပ်ချိန်နှင့် ဝါသနာများ)

### 1. Hobby (ဝါသနာ)

**Hobby** ဆိုတာ အားလပ်ချိန်မှာ ကိုယ်ပျော်ရွှင်စွာ လုပ်လေ့ရှိတဲ့အရာ / ဝါသနာ ကို ဆိုလိုပါတယ်။

ဥပမာ—

- reading — စာဖတ်ခြင်း
- drawing — ပန်းချီဆွဲခြင်း
- singing — သီချင်းဆိုခြင်း
- dancing — ကခုန်ခြင်း
- swimming — ရေကူးခြင်း
- cooking — ချက်ပြုတ်ခြင်း
- gardening — ဥယျာဉ်စိုက်ခြင်း
- playing football — ဘောလုံးကစားခြင်း
- playing table tennis — စားပွဲတင်တင်းနစ်ကစားခြင်း
- listening to music — သီချင်းနားထောင်ခြင်း
- watching TV — တီဗွီကြည့်ခြင်း
- taking photos — ဓာတ်ပုံရိုက်ခြင်း

မှတ်ရန် ။ ။ **Hobby = ဝါသနာ / Free time = အားလပ်ချိန်**

ဥပမာ—

I like reading. (ကျွန်တော် စာဖတ်ရတာ ကြိုက်တယ်။)

I read books in my free time. (ကျွန်တော် အားလပ်ချိန်မှာ စာအုပ်ဖတ်တယ်။)

### 2. Free Time (အားလပ်ချိန်)

**Free time** ဆိုတာ ကျောင်းတက်ချိန်၊ အလုပ်လုပ်ချိန် စတဲ့ တာဝန်ရှိတဲ့ အချိန်တွေမဟုတ်ဘဲ ကိုယ်ကြိုက်နှစ်သက်တာလုပ်နိုင်တဲ့ အားလပ်ချိန် ကို ခေါ်ပါတယ်။

ဥပမာ—

I play football <u>in my free time</u>. (ကျွန်တော် အားလပ်ချိန်မှာ ဘောလုံးကစားတယ်။)

She listens to music <u>in her free time</u>. (သူမက အားလပ်ချိန်မှာ သီချင်းနားထောင်တယ်။)

### 3. Hobby ကို မေးရင်

အမေး – **What is your hobby?** (မင်းရဲ့ဝါသနာက ဘာလဲ။)

အဖြေ – **My hobby is reading.** (ကျွန်တော့်ရဲ့ဝါသနာက စာဖတ်ခြင်းပါ။)

သို့မဟုတ်— **I like reading.** (ကျွန်တော် စာဖတ်ရတာ ကြိုက်တယ်။) လို့ ပြောနိုင်ပါတယ်။

### 4. Hobbies ကို အများကိန်းနဲ့ မေးခြင်း

**အမေး – What are your hobbies?** (မင်းရဲ့ဝါသနာတွေက ဘာတွေလဲ။)

**အဖြေ – My hobbies are reading and drawing.** (ကျွန်တော့်ရဲ့ ဝါသနာတွေက စာဖတ်တာနဲ့ ပန်းချီဆွဲတာပါ။)

**အမေး – What are your hobbies?**

**အဖြေ – I like reading and swimming.** ဆိုပြီးလည်း ဖြေနိုင်ပါတယ်။

### 5. Free time ကို မေးရင်

**အမေး – What do you do in your free time?** (မင်းအားလပ်ချိန်မှာ ဘာလုပ်လဲ။)

**အဖြေ** – **I read books.** (စာအုပ်ဖတ်တယ်။)
- I play football. (ဘောလုံးကစားတယ်။)
- I watch TV. (တီဗွီကြည့်တယ်။)
- I listen to music. (သီချင်းနားထောင်တယ်။)
- I play games. (ဂိမ်းကစားတယ်။)




### 6. "like" အသုံးပြုပြီး Hobby အကြောင်း ပြောခြင်း

ပုံစံ – **like + V-ing** ကို သုံးနိုင်ပါတယ်။

e.g. I like **reading**. I like **drawing**. I like **singing**. I like **dancing**. I like **swimming**. I like **cooking**. I like **playing** football.

**1. ကိုယ်အကြိုက်ဆုံးဝါသနာကို ပြောချင်ရင်**

**My favourite hobby is … ဆိုပြီး ပြောနိုင်ပါတယ်။**

**My favourite hobby is + V-ing.**

e.g. My favourite hobby is reading. (ကျွန်တော့်ရဲ့ အကြိုက်ဆုံး ဝါသနာက စာဖတ်တာပါ။)

My favourite hobby is drawing. (ကျွန်တော့်ရဲ့ အကြိုက်ဆုံးဝါသနာက ပန်းချီဆွဲတာပါ။)

### 7. Hobbies Vocabulary (ဝါသနာဆိုင်ရာစကားလုံးများ)

| English | Myanmar |
|---|---|
| reading | စာဖတ်ခြင်း |
| writing | စာရေးခြင်း |
| drawing | ပန်းချီဆွဲခြင်း |
| painting | ပန်းချီရေးဆွဲခြင်း |
| singing | သီချင်းဆိုခြင်း |
| dancing | ကခြင်း |
| swimming | ရေကူးခြင်း |
| cooking | ချက်ပြုတ်ခြင်း |
| gardening | ဥယျာဉ်စိုက်ခြင်း |
| fishing | ငါးမျှားခြင်း |
| cycling | စက်ဘီးစီးခြင်း |
| travelling | ခရီးသွားခြင်း |
| taking photos | ဓာတ်ပုံရိုက်ခြင်း |
| watching TV | တီဗွီကြည့်ခြင်း |
| listening to music | သီချင်းနားထောင်ခြင်း |
| playing football | ဘောလုံးကစားခြင်း |
| playing basketball | ဘတ်စကက်ဘောကစားခြင်း |
| playing table tennis | စားပွဲတင်တင်းနစ်ကစားခြင်း |
| playing computer games | ကွန်ပျူတာဂိမ်းကစားခြင်း |
| collecting stamps | တံဆိပ်ခေါင်းစုခြင်း |

### 8. Frequency Words (ကြိမ်နှုန်းပြကြိယာဝိသေသနစကားလုံးများနှင့် ပြောခြင်း)

ဝါသနာကို ဘယ်နှကြိမ်လုပ်ဆောင်သလဲ ပြောချင်ရင်—

- always — အမြဲတမ်း
- usually — ပုံမှန်အားဖြင့်
- often — မကြာခဏ
- sometimes — တစ်ခါတလေ
- never — ဘယ်တော့မှ စကားလုံးတွေကို သုံးရပါတယ်။

e.g. I **often** read books in my free time. (ကျွန်တော် အားလပ်ချိန်မှာ စာအုပ်တွေ **မကြာခဏ** ဖတ်တယ်။)

I **sometimes** play football. (ကျွန်တော် **တစ်ခါတလေ** ဘောလုံးကစားတယ်။)

She **usually** listens to music in her free time. (သူမက အားလပ်ချိန်မှာ ပုံမှန်အားဖြင့် သီချင်းနားထောင်တယ်။)

### 9. Speaking Practice

**Student A:** What is your hobby?

**Student B:** My hobby is reading.

Student A: What do you do in your free time?

**Student B:** I read books.

**Student A:** Do you like drawing?

**Student B:** Yes, I do.

**Student A:** Do you like swimming?

**Student B:** No, I don't.

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

**မှတ်ထားသင့်တဲ့ Sentence Patterns**

① ဝါသနာမေးခြင်း

**What is your hobby?**

→ **My hobby is reading.**

② ဝါသနာတွေမေးခြင်း

**What are your hobbies?**

→ **I like reading and drawing.**

③ အားလပ်ချိန်မှာ ဘာလုပ်လဲမေးခြင်း

**What do you do in your free time?**

→ **I play football.**

④ ကြိုက်/မကြိုက် မေးခြင်း

**Do you like swimming?**

→ **Yes, I do. / No, I don't.**

⑤ အကြိုက်ဆုံးဝါသနာ

**What is your favourite hobby?**

→ **My favourite hobby is drawing.**

**မှတ်ရန်:**

**Hobby = ဝါသနာ**

**Free time = အားလပ်ချိန်**

I like + V-ing → I like reading.

I … in my free time. → I read books in my free time.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၇ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## ငွေဆောင်မြို့၌ ကျန်းမာရေးအသိပညာပေး ဟောပြော



**ငွေဆောင် စက်တင်ဘာ ၁၃**

ရေဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့ သဇင်ကျေးရွာအုပ်စု ငွေဆောင် - ပုသိမ် ကားလမ်းဘေးရှိ ဒေသအခေါ် (၂၃) မိုင်ကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများ ကျန်းမာရေးအသိပညာ တိုးပွားစေရန်နှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောသည်။

**အသိပညာပေးဟောပြော**

ဦးစွာ တက်ရောက်လာကြသူများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို တာဝန်ရှိသူများက လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမြင့်သူက ငှက်ဖျားရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ရောဂါလက္ခဏာများ၊ ခြင်မှတစ်ဆင့် ကူးစက်နိုင်သည့် အခြေအနေများ၊ ရောဂါဖြစ်ပွားပါက အချိန်မီဆေးကုသမှုခံယူရန် လိုအပ်မှုနှင့် ရောဂါကာကွယ်ရေးအတွက် ခြင်ကိုက်မခံရစေရန် နေထိုင်မှုအလေ့အထများ၊ ခြင်ပေါက်ပွားနိုင်သည့်နေရာများ ရှင်းလင်းဖယ်ရှားရေးတို့ကို စုံလင်စွာ အသိပညာပေးဟောပြောသည်။

ထို့နောက် ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးမြင့်သူ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာသူများအား ငှက်ဖျားရောဂါပိုး ရှိ၊ မရှိ ဆေးစစ်ပေးပြီး ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆိပ်ဖြူမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆေးရောင်စုံပန်းချီပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ဆိပ်ဖြူ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၆ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆေးရောင်စုံပန်းချီပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဇာတ်ပိုဌာန၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်က လူကုန်းကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လူကုန်ကူးခံရခြင်းမှ ကာကွယ်ရေးအသိပညာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးရောင်စုံပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသားများအား မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲဝင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်္ဂပူမြို့နယ်၌ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်



**အင်္ဂပူ စက်တင်ဘာ ၁၃**

ရေဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ ဖြန့်ဖြူးပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်တွင် အင်္ဂပူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ အင်္ဂပူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနိုင်က သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများထံ ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများထံ ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တောင်သူများအကြား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာရယူသုံးစွဲမှုနှင့် ပတ်သက်သည့် စာချုပ်များ ချုပ်ဆိုကြကြောင်း သိရသည်။

သံသာ(ကျေးလက်)




## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊


(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၅)

**နီဇော်သစ်**




နျူကလီးယား ဖျူးရှင် နည်းပညာအကြောင်း မိတ်ဆက်ခဲ့ရာတွင် ပြီးခဲ့သည့် အပိုင်း(၄)အထိ နေအတုနည်းပညာဟု လူသိများသော တိုကာမက် နည်းကိုဖော်ပြခဲ့ပါသည်။ ယခုတစ်ပတ်တွင်တော့ အမေရိကန်တို့၏ လေဆာဖျူးရှင်နည်းပညာ အကြောင်း မိတ်ဆက်ပါမည်။

၁၉၆၀ ပြည့်နှစ် လေဆာကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ပြီးကတည်းက အမေရိကန် သိပ္ပံပညာရှင်များက လေဆာကိုသုံးပြီး ဖျူးရှင်ဖြစ်အောင် လုပ်နိုင်မလားဆိုသည်ကို စဉ်းစားခဲ့ကြသည်။ လေဆာဆိုသည်မှာ သာမန်အလင်းရောင်ထက် ပိုမိုတိကျစွာ ထိန်းချုပ်နိုင်သောအလင်းတန်းတစ်မျိုး။ သာမန်မီးလုံးမှ ထွက်လာသောအလင်းသည် အရပ်မျက်နှာအမျိုးမျိုးသို့ ပျံ့နှံ့သွားသော်လည်း လေဆာအလင်းက အလင်းလှိုင်းများကို ဥသုံညီစုစည်းပေးနိုင်သဖြင့် တိကျသောအလင်းတန်းတစ်ခုအဖြစ် ရရှိသည်။ လေဆာစွမ်းအင်ကို နေရာတစ်ခုတည်းသို့ အလွန်တိကျစွာ ပို့ဆောင်နိုင်သည်။

လေဆာဖျူးရှင်လုပ်သည့်နည်းမှာ နည်းနည်းတော့ရှုပ်သည်။ အရင်ဆုံး ဟိုက်ဒရိုဂျင်အိုင်ဆိုတုပ်များဖြစ်သော ဒူတီရီယံနှင့် ထရစ်တီယံတို့ကို အလွန်နိမ့်သော အပူချိန်အောက်တွင် အေးခဲအောင်လုပ်ပြီး အချင်း နှစ်မီလီမီတာခန့်ရှိ သိပ်သည်းဆမြင့် ကာဗွန် သို့မဟုတ် စိန်သားအလုံးလေးထဲတွင် ညီညီညာညာဖြန့်ထည့်ထားသည်။ ထိုအရွယ်အစားအရ အကြမ်းဖျင်းတွက်ကြည့်လျှင် စက်လုံးလေးထဲ၌ ဒူတီရီယံ-ထရစ်တီယံ အတွဲပေါင်း ၂၄ ကွင်တီလီယံဝန်းကျင်ပါဝင်သည်။ ထိုစိန်လုံးလေးကို ထုလုံးရှည်ပုံ ရွှေကြုတ်လေးထဲသို့ထည့်သည်။ ရွှေကြုတ်လေးမှာ မြင်သာအောင်ပြောရလျှင် ခဲတံဖင်မှ ခဲဖျက်အရွယ်လောက်ရှိသည်။ ပြီးမှ လေဆာနှင့်ပစ်သည်။ လက်ရှိ အမေရိကန် အမျိုးသားလေဆာလောင်ကျွမ်းဓာတ်ခွဲခန်းတွင် လေဆာရောင်ခြည်တန်းပေါင်း ၁၉၂ ခုဖြင့် ပတ်ပတ်လည်မှပစ်သည်။

လေဆာ လောင်ကျွမ်းဖျူးရှင်နည်းပညာဟု ဆိုသည့်တိုင် တကယ်တမ်းတွင် ဒူတီရီယံနှင့် ထရစ်တီယံတို့ကို လေဆာဖြင့် တိုက်ရိုက်ပစ်ခြင်းမျိုး မဟုတ်။ အပြင်ဘက်ရှိ ရွှေကြုတ်လေးထဲမှ ရွှေအက်တမ်များက လေဆာရောင်ခြည်ကိုစုပ်ယူပြီး အလွန်အားပြင်းသော ဓာတ်မှန်ရောင်ခြည်(X-rays)များ ထုတ်လွှတ်ပေးကာ စိန်လုံးလေးထဲရှိ ဒူတီရီယံနှင့် ထရစ်တီယံတို့ကို ဖိသိပ်သွားအောင် လုပ်ခြင်းမျိုးဖြစ်သည်။ ထိုသို့ဖိသိပ်ခြင်းအားဖြင့် ဒူတီရီယံနှင့် ထရစ်တီယံတို့ပေါင်းသွားပြီး ဟီလီယံ နယူကလိယ တစ်ခု၊ နျူထရွန်တစ်လုံးနှင့် စွမ်းအင် ၁၇ ဒသမ ၆ မဂ္ဂါ အီလက်ထရွန်ဗို့ထွက်လာလျှင် လေဆာဖျူးရှင်သဘောတရားအောင်မြင်သည်။

အမေရိကန်ပြည်ထောင်စု၏ လောရင့် လီဗာမိုး အမျိုးသားဓာတ်ခွဲခန်းတွင် ၁၉၇၄ ခုနှစ်ကတည်းက ဂျန်းနက်စ်လေဆာကိုသုံးပြီး ဖျူးရှင်လုပ်နိုင်ဖို့ စမ်းသပ်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ထိန်းချုပ်သာမိုနျူကလီးယား တုံ့ပြန်မှုကိုလုပ်ဆောင်နိုင်ခဲ့သည်။ ဆိုလိုသည်မှာ စိန်လုံးထဲရှိ ဒီ-တီ လောင်စာတို့ကို ဖိသိပ်နိုင်ပြီ။ ၁၉၇၇ ခုနှစ် ရှီဗာ လေဆာကိုသုံးပြီး ဖိသိပ်မှုဆိုင်ရာ ရူပဗေဒကို ပိုမိုလေ့လာနိုင်ခဲ့၏။ ၁၉၈၆ ခုနှစ် နိုဗာလေဆာနှင့် စမ်းသပ်ရာတွင်မူ လေဆာဖျူးရှင် မှတ်တမ်းတစ်ခုတင်နိုင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဒီ-တီလောင်စာတို့ကို မူလအရွယ်အစား၏ သုံးပုံတစ်ပုံအထိကျုံ့သွားအောင် ဖိသိပ်နိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် လောရင့်လီဗာမိုး အမျိုးသားဓာတ်ခွဲခန်း၏ အမျိုးသားလေဆာလောင်ကျွမ်းဓာတ်ခွဲခန်း(အင်န်အိုင်အက်ဖ်)ကို စတင်တည်ဆောက်ပြီး ၂၀၀၉ ခုနှစ်မှစ၍ လေဆာဖျူးရှင်နည်းကိုစမ်းသပ်လာခဲ့ရာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။

ဤနေရာတွင် အချိတ်အဆက်ပြန်မိစေရန် ရှေ့အပိုင်းများနှင့် ပြန်ချိတ်ပါမည်။ နျူကလီးယား ဖျူးရှင်နည်းပညာဆိုသည်မှာ ပမာဏကြီးမားသော စွမ်းအင်တို့ကို အဆက်မပြတ် ထုတ်လွှတ်ပေးနေသည့် နေ၏ဗဟိုချက်မှ ဟိုက်ဒရိုဂျင်နှစ်လုံးပေါင်းပြီး ဟီလီယံ နယူကလိယနှင့် စွမ်းအင်တို့ထွက်စေသော ဖျူးရှင်သဘောကို ကမ္ဘာပေါ်တွင်သုံးပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် ရည်မှန်းထားသည့်နည်းပညာ။ မြေကမ္ဘာပေါ်တွင်တော့ ဟိုက်ဒရိုဂျင်နှစ်လုံး မပေါင်းဘဲ ဟိုက်ဒရိုဂျင် အိုင်ဆိုတုပ်နှစ်မျိုးဖြစ်သည့် ဒူတီရီယံနှင့် ထရစ်တီယံကို ပေါင်းဖို့ကြိုးစားသည်။

နေ၏ဗဟိုချက်တွင် ကြီးမားသော ဒြပ်ဆွဲအားကြောင့်ဖြစ်လာသည့် ဖိသိပ်မှုက သာမိုနျူကလီးယား ပတ်ဝန်းကျင်ကိုဖြစ်စေကာ ဖျူးရှင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ထိုမျှကြီးမားသော ဒြပ်ဆွဲအားမျိုးမရှိ။ ထို့ကြောင့် တိုကာမက်နည်းတွင် ပလာစမာအခြေတစ်ခုဖြစ်အောင်ဖန်တီးကာ နေ၏ဗဟိုချက်ထက် ၁၀ ဆလောက်ပိုပူသော ပတ်ဝန်းကျင်တွင် ဖျူးရှင်ဖြစ်အောင်လုပ်သည်။ ယခု လေဆာလောင်ကျွမ်းနည်းက အေးခဲထားသော ဒူတီရီယံနှင့် ထရစ်တီယံများကို စိန်လုံးထဲတွင်ဖိသိပ်ပြီး ဖျူးရှင်ဖြစ်အောင် လုပ်သည်။ ယင်းမှာ ဖျူးရှင်ဖြစ်စေသည့် အခြေခံအကြောင်းရင်းတို့ကို ရှင်းနိုင်သမျှရှင်းအောင် ဆွေးနွေးကြည့်ခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်ဖန်တီးရာ၌ မည်သည့်နည်းလမ်းတွင်မဆို ပေးလိုက်ရသောစွမ်းအင်ထက် ပြန်ရသောစွမ်းအင်က ပိုများအောင်လုပ်ဖို့လိုသည်။ သို့မှသာ လျှပ်စစ်ထုတ်ခြင်းက အဓိပ္ပာယ်ရှိမည်။ ထို့ကြောင့် နှစ်နည်းလုံးတွင် ဖျူးရှင်ကြောင့်ဖြစ်လာသည့် ဟီလီယံ နယူကလိယ သို့မဟုတ် အယ်လ်ဖာအမှုန်က ပတ်ဝန်းကျင်ရှိ ဒီ-တီများကို အပူဆက်ပေးပြီး ဖျူးရှင်ဆက်ဖြစ်အောင် လုပ်ပေးနေဖို့လိုသည်။ ဆိုလိုသည်မှာ တိုကာမက်နည်းဖြစ်စေ၊ လောင်စာနည်းဖြစ်စေ အရင်ဆုံး ဖျူးရှင်ဖြစ်သွားပြီး အယ်လ်ဖာအမှုန်နှင့် စွမ်းအင်ထွက်လာဖို့က အခြေခံ။ ထိုမှထွက်လာသည့် အယ်လ်ဖာအမှုန်က နောက်ထပ် ပြင်ပစွမ်းအင်ထပ်ပေးစရာမလိုဘဲ ပတ်ဝန်းကျင်ရှိ ဒီ-တီများကို ဖျူးရှင်ဆက်ဖြစ်စေခြင်းက ဒုတိယအဆင့်ဟု အကြမ်းဖျင်းဆိုနိုင်သည်။

၂၀၂၂ ခုနှစ်တွင် အင်န်အိုင်အက်ဖ်က လေဆာအတွက် စွမ်းအင် ၂ ဒသမ ၀၅ မဂ္ဂါဂျိုးလ်ပေးထားပြီး ဖျူးရှင်ဖြစ်စဉ်မှ ၃ ဒသမ ၁၅ မဂ္ဂါဂျိုးလ်လောက်ပြန်ထုတ်နိုင်သဖြင့် စွမ်းအင်ပိုထွက်လာသော လေဆာဖျူးရှင်ဖြစ်စဉ်ကို ပထမဆုံးလုပ်ပြနိုင်ခဲ့သည်။ လေဆာဖျူးရှင် သမိုင်းတွင် နှစ်ပေါင်း ၆၀ နီးပါး ကြိုးစားလာခဲ့သည့်အိပ်မက်ကို ပထမဆုံး လက်တွေ့ပြသနိုင်ခဲ့ခြင်းလည်းဖြစ်၏။ သို့သော် ယင်းမှာ လေဆာသက်သက် စွမ်းအင်နှင့် ပြန်ရသော ဖျူးရှင်စွမ်းအင်နှိုင်းယှဉ်ချက်မျှသာ။ လေဆာဖြစ်လာအောင် ပေးထားရသောစွမ်းအင်များမှာ ထိုထက်မက။ ၂၀၂၅ ခုနှစ်တွင် လေဆာအတွက် ၂ ဒသမ ၀၈ မဂ္ဂါဂျိုးလ်ပေးပြီး ၈ ဒသမ ၆ မဂ္ဂါဂျိုးလ်အထိ ပြန်ထုတ်နိုင်နေပြီဖြစ်သည်။

သို့ဖြစ်ရာ လက်ရှိ ကမ္ဘာ့ဖျူးရှင်နည်းပညာ ပြိုင်ဆိုင်မှုတွင် ဖျူးရှင်ဖြစ်ပြီး စွမ်းအင်ထုတ်သည့် အဆင့်အထိတော့ နည်းနှစ်နည်းလုံးက လုပ်နိုင်နေပြီ။ သို့သော် လျှပ်စစ်ဓာတ်အားပေးစက်ရုံအထိဖြစ်ဖို့တော့ နီးလာပြီဟုဆိုနိုင်သည့်တိုင် တော်တော်ဝေးဝေး ကျန်နေပါသေးသည်။ လျှပ်စစ်ထုတ်ရာတွင် ထုံးစံအတိုင်း ထွက်လာသည့်အပူဖြင့် ရေများကို ရေနွေးငွေ့ဖြစ်စေပြီး တာဘိုင်များကိုလည်ပတ်စေသည့်နည်းလမ်းကို အများအားဖြင့် သုံးကြဖို့ရှိနေသည်။ သို့သော် အမေရိကန်ကုမ္ပဏီတစ်ခုက ဖျူးရှင်ပါဝါမှ သံလိုက်သဘောတရားကိုသုံးပြီး ညှို့ခြင်းဖြင့် လျှပ်စစ်ထွက်စေသည့် နည်းလမ်းကိုသုံးရန် ကြံစည်နေသည်။ ဟီလီယိုဆိုသည့် ကုမ္ပဏီဖြစ်သည်။

ကျွန်တော်က အတော်ဝေးဝေး ကျန်နေသေးသည်ဟု ပညာရှင်အတော်များများ သုံးသပ်သည့်အတိုင်းပြောသော်လည်း လက်တွေ့တွင် တရုတ်နိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်နှင့် ဟီလီယိုကုမ္ပဏီ၏ ၂၀၂၈ ခုနှစ် ရည်မှန်းချက်တို့မှာ အံ့သြဖွယ်ရာများအဖြစ်ရှိနေသည်။ နိုင်ငံကြီးနှစ်နိုင်ငံအနေဖြင့် ဖျူးရှင်မှ စီးပွားဖြစ်လျှပ်စစ်ထုတ်လုပ်ခြင်းကို ဘယ်သူအရင်ရမလဲ ပြိုင်ဆိုင်လိုဟန်လည်းရှိသည်။ ထိုအကြောင်းများကိုနောက်တစ်ပတ်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

# အသက်ရာကျော်နေရခြင်းသည် မျိုးဆက်တစ်ခုထက်မက အကျိုးကျေးဇူးရှိနိုင်

အသက်ရာကျော်ရှည်ခြင်းသည် မျိုးဆက်တစ်ခုထက်ပိုပြီး အကျိုးဖြစ်ထွန်းစေနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆလျက်ရှိကြရာ ယခု နောက်ဆုံးလေ့လာတွေ့ရှိမှုအရ ရာကျော်မိဘများ၏ သားသမီးများသည် နှလုံးရောဂါခြိမ်းခြောက်မှုကို နောက်ကျမှခံကြရသည်ကို တွေ့ရှိခဲ့ရသည်။




အဲလ်ဘတ် အိုင်းစတိုင်း ဆေးကောလိပ်၊ ဘော့စတွန်တက္ကသိုလ်နှင့် တပ်ဖ်ဆေးပညာဌာနတို့မှ သုတေသီများ ပူးပေါင်းလုပ်ဆောင်သောလေ့လာမှုတွင် မိသားစုများအတွင်း မကြုံစဖူး သက်ရှည်ကျန်းမာသည့် သက်သေအထောက်အထားများကို ခိုင်ခိုင်မာမာ တွေ့ရှိခဲ့ကြသည်။

"အသက် ၁၀၀ နဲ့အထက် အသက်ရှည်ကြသူတွေဟာ ကျန်းကျန်းမာမာနဲ့ အသက်အရွယ်ကြီးရင့်လာဖို့ ဘာတွေလိုအပ်သလဲဆိုတာကို အဓိက လမ်းစပေးနေကြတာပါ"ဟု အိုင်းစတိုင်း ဆေးကောလိပ်မှ ဆေးဝါးပါမောက္ခ ဆိုဖီယာမီလ်မန်းက ဆိုသည်။ "သူတို့ရဲ့ အသက်ရှည်ကျန်းမာမှုကို သားသမီးတွေဆီ လက်ဆင့်ကမ်းပေးသလား၊ ပေးတယ်ဆိုရင်လည်း အဲဒီအားသာချက်တွေဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အလေ့အထတွေကြောင့်လား၊ ဒါမှမဟုတ် မျိုးဗီဇလိုမျိုး ပိုမိုအခြေခံကျတဲ့ အရာတစ်ခုခုကြောင့်လားဆိုတာကို ကျွန်မတို့ သိချင်ခဲ့တာပါ"ဟုလည်း သူက ဆက်ရှင်းပြသည်။

သုတေသီများသည် မတူကွဲပြားသောနေရာများမှ သုတေသနလုပ်ငန်းသုံးရပ်ကို ပေါင်းစပ်ပြီး ဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ အိုင်းစတိုင်းဆေးကောလိပ်၏ အသက်ရှည်ခြင်းဆိုင်ရာ လေ့လာမှု၊ ဘော့စတွန်တက္ကသိုလ်၏ ထောင်စုနှစ်ဖွားများအပေါ် လေ့လာမှုနှင့် ဗြိတိန်ဇီဝဘဏ်၏ လေ့လာမှုတို့၏ ရလဒ်များကိုပေါင်းပြီး လေ့လာဆန်းစစ်ခဲ့ကြခြင်းဖြစ်သည်။ သုံးဖွဲ့ပေါင်း၍ အသက်ရာကျော်မိဘတစ်ပါးစီရှိကြသည့် အရွယ်ရောက်ပြီးသူ ၂၀၀၀ ကျော်ကို လေ့လာခဲ့ကြသည်။

မည်သည့် အသက်အရွယ်တွင်မဆို မိဘတစ်ဦးဦး အသက် ၁၀၀ ရှည်ခဲ့သူများသည် မိဘအသက်တိုခဲ့သူများနှင့်ယှဉ်ပါက သေဆုံးနိုင်ခြေ ၄၂ ရာခိုင်နှုန်း ပိုမိုနည်းပါးသည်။ ၎င်းတို့၏ နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေမှာ ၃၃ ရာခိုင်နှုန်း ပိုနည်းပြီး သွေးတိုးရောဂါဖြစ်နိုင်ခြေမှာ ၃၂ ရာခိုင်နှုန်း ပိုနည်းသည်ဟု ဆိုသည်။

ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ အစားအသောက်၊ ပညာရေးနှင့် လူမှုစီးပွားအခြေအနေများကို ထည့်သွင်းတွက်ချက်ပြီးသည့်နောက်မှာပင် အဆိုပါအကျိုးကျေးဇူးများသည် ကြီးမားစွာ တည်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် မိသားစုအချို့တွင် ထူးခြားစွာအသက်ရှည်ရခြင်းသည် ကျန်းမာရေးအလေ့အထများနှင့် လူမှုရေးအခြေအနေများကြောင့်ချည်းမဟုတ်ကြောင်း တွေ့ရှိရသည်။

# Professional Boxing Matches (11)ပြိုင်ပွဲများ ခြောက်ချီတွဲဆိုင်းခြောက်ဆိုင်းဖြင့် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

Myanmar Boxing Commission မှ ကျင်းပသည့် Professional Boxing Matches 11( PBM 11) ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ အားကစားခန်းမ၌ ခြောက်ချီ တွဲဆိုင်း ခြောက်ဆိုင်းဖြင့် ကျင်းပ သည်။




အဆိုပါပြိုင်ပွဲများ၏ (၅၀ ဒသမ ၈ ကီလို) ဖလိုင်းဝိတ်တန်းတွင် နော်ရိန်းအောင်(MBC Boxing Club) နှင့် ဖြိုးသူအောင် (Yangyiaung Club)တို့ ခြောက်ချီပြည့်သည် အထိ သူတင်ကိုယ်တင် အကြိတ် အနယ် ယှဉ်ပြိုင်ထိုးသတ်ကြ သော်လည်း အနိုင်အရှုံး မပေါ်သဖြင့် နော်ရိန်းအောင်က အမှတ်ဖြင့် အနိုင်ရရှိပြီး ဥဏ်လင်းထက်(MBC Boxing Club)နှင့် ဝေယံထွန်း (Mandalay Club) တို့ပွဲစဉ်တွင် ဥဏ်လင်းထက်၏ လက်သီးချက် ကြောင့် ငါးချီမြောက်တွင် ဝေယံထွန်းအမှတ်စဉ် အရေခံရပြီး ဆက်လက် ယှဉ်ပြိုင်ကြရာ ဥဏ်လင်းထက်က အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

(၅၇ ကီလို) ဖယ်သာဝိတ်တန်း တွင် ဝေယံဦး(Vanguard Lethwei Club)က မျိုးမြတ်(Mong Hsu Highlands)ကို အမှတ်ဖြင့် လည်းကောင်း၊ စောလင်းအောင် (Mawgyun Club)က ယုဒ(Python, Tawwin Ayeyar Club)ကိုအမှတ် ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

(၅၉ ကီလို) စူပါ-ဖယ်သာ ဝိတ်တန်းတွင် သီဟအောင်(MBC Boxing Club)နှင့် ဘောက်ဆာရှိုင်း (Python, Tawwin Ayeyar Club) တို့ အချီပြည့်သည်အထိ ရေကုန် ရေခန်း အပြန်အလှန်ထိုးသတ်ကြ သော်လည်း ပူးတွဲသရေရလဒ် သာထွက်ပေါ်ခဲ့သလို (၆၁ ဒသမ ၂ ကီလို) လိုက်ဝိတ်တန်း အောင်ဇေမြတ် (Boxing Family Club)နှင့် ထွန်းထွန်းထက်(MBC Boxing Club)တို့၏ ယှဉ်ပြိုင် ထိုးသတ်မှုမှာလည်း အလူးအလဲ ဖြင့် ပူးတွဲသရေရလဒ်သာ ဖြစ်ခဲ့ သည်။

**ကိုထက်**

# Shwe Nayar Moonsoon Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး




မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌဦးအောင်ကိုဇော် ပထမဆုရရှိသော ခန့်ဘုန်းလျှန်အား ဆုချီးမြှင့်စဉ်။

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM) က ကြီးမှူး၍ Shwe Nayar Co., Ltd က အဓိကကူညီပံ့ပိုးသော Shwe Nayar Moonsoon Junior Open မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်က ပြိုင်ပွဲကိုလက်ခံကျင်းပသော ရန်ကုန်ဂေါက်ကွင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက လက်ခံရယူပြီး ပြိုင်ပွဲနောက်ဆုံးနေ့ အကောင်းဆုံးရိုက်ချက်ဆုရရှိသော ချိုသာအောင်ကိုလည်း ဆုချီးမြှင့်သည်။ ထို့နောက် Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးခန့်ဇော်က အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော ကောင်းခန့်ဇော်၊ Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေက ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ ပထမဆုရရှိသော ဘုန်းမြတ်သော်တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး Pyin Oo Lwin Golf Driving Range မှ ဦးလှမျိုးက Pyin Oo Lwin Golf Driving Range မှ ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် ပထမဆုရရှိသော ဘုန်းမြတ်သော်အား ချီးမြှင့်သည့် ဂုဏ်ပြုငွေကျပ် ၁၅ သိန်းကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်ယှဉ်ယှဉ်လတ်က အသက် ၁၈ နှစ်အောက် (အမျိုးသမီး)သက်တမ်းတွင် တတိယဆုရရှိသော Choi Hui၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ ပထမဆုရရှိသော ချိုသာအောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်က ၁၄ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော ကျော်ပုညကိုကို၊ ဒုတိယဆုရရှိသော ခန့်သူရနိုင်၊ ပထမဆုရရှိသော ဝေယံလင်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်းက ၁၈ နှစ်အမျိုးသားသက်တမ်းတွင် တတိယဆုရရှိသော လင်းပြည့်မောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က ဒုတိယဆုရရှိသော Choi Hwan၊ ပထမဆုရရှိသော ခန့်ဘုန်းလျှန်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ကျင်းပပြီး ယခုပြိုင်ပွဲကို Wave သောက်ရေသန့်နှင့် Royal D အားပြည့်အချိုရည်တို့က ထပ်မံပံ့ပိုးကူညီပေးသည်။

**သတင်း – မောင်စံကြီး၊ ဓာတ်ပုံ – MGF**

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်ရေးအတွက် ရှမ်းယူနိုက်တက်အသင်း ဒုတိယအကျော့တွင် မဖြစ်မနေအနိုင်ရရန် လိုအပ်

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းသည် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ခြေစစ်ပွဲအောင်မြင်မည်**

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် အရေးနိမ့်ထားသဖြင့် ခြေစစ်ပွဲအောင်မြင်ရေး ယနေ့ကစားမည့် ဒုတိယအကျော့တွင် မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ကျော့စလုံး အိမ်ကွင်းကစားရသော်လည်း စက်တင်ဘာ ၁၁ ရက်က ကစားသည့် ပထမအကျော့တွင် မထင်မှတ်ဘဲ သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့တွင် နှစ်ဂိုးပြတ်အနိုင်ရမှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး တစ်ဂိုးအသာဖြင့်သာ အနိုင်ရပါက အချိန်ပို ဆက်လက်ကစားရမည်ဖြစ်သည်။ လာအိုကလပ် Ezra အသင်းသည် ဒုတိယအကျော့တွင် သရေ သို့မဟုတ် အနိုင်ကစားနိုင်ပါက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် ကစားပုံလိုအပ်ချက်ရှိသည့်အပြင် သွင်းဂိုးများ လွယ်လွယ်ကူကူခွင့်ပြုခဲ့ရသဖြင့် ဒုတိယအကျော့တွင် ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်မှုများစွာ ပြုလုပ်ရမည်ဖြစ်သည်။

**သတင်း-မောင်ညီ**
**ဓာတ်ပုံ-စိုးညွန့်သော်**



# ပခုက္ကူမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ပခုက္ကူ စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် Royal United FC အသင်းနှင့် Great One FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Great One FC အသင်းက အနိုင်ရ ဗိုလ်စွဲသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တံခွန်စိုက်(ပထမ)ဆု၊ ဒုတိယဆုနှင့် တတိယဆုများ၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆု၊ နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုများ၊ တစ်ပွဲတည်း သုံးဂိုးနှင့်အထက် သွင်းယူသောအားကစားသမားများအား တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်များနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၃

ဂျပန်နိုင်ငံ၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ငါးမျိုး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဂျပန်နိုင်ငံရှိ နာဂိုယာမြို့နှင့် Aichi Prefecture မြို့တို့တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်းအချို့ကို စက်တင်ဘာ ၁၄ ရက်ကတည်းက စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၄၃ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၆၉ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အာရှအိုလံပစ်ကောင်စီအဖွဲ့ဝင် ၄၆ နိုင်ငံမှ အားကစားသမား ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



၂၀၂၂ အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် ရယူပေးခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း။

မြန်မာနိုင်ငံအနေဖြင့် ပိုက်ကျော်ခြင်း၊ အမျိုးသမီးဘောလုံး၊ Teqball၊ ကျွမ်းဘားနှင့် Esports အားကစားနည်း ငါးမျိုး ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံမှ ယှဉ်ပြိုင်မည့် အားကစားနည်းများ အနက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အစောဆုံး ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရရှိရေး ပြိုင်ပွဲအကြိုလေ့ကျင့်ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။

နောက်ဆုံးကျင်းပသည့် ၂၀၂၂ ဟန်ကျိုး အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ နဂါးလှေပြိုင်ပွဲမှ ကြေးတံဆိပ်နှစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ပိုက်ကျော်ခြင်းအသင်းက အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ချစ်ကိုကို**

## အာဖရိကဝက်အပြင်းဖျားရောဂါ (ASF)နှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများ သိရှိလိုက်နာရန် အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ဖြစ်ပွား၍ သေဆုံးသောဝက်သားများကို စားသုံးမိပါက လူများပါ ရောဂါကူးစက်နိုင်သည်ဟူသော မှားယွင်းသည့် ကောလာဟလ သတင်းများ ပြည်သူလူထုအတွင်း ထွက်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများ မရှိစေရန်နှင့် အချက်အလက်မှန်ကန်စွာ သိရှိနိုင်စေရန် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တို့၏ သိပ္ပံနည်းကျ အတည်ပြုချက်များအရ အောက်ပါအတိုင်း အသိပေး ရှင်းလင်းအပ်ပါသည်–

(၁) **လူသားများသို့မကူးစက်ခြင်း** – အာဖရိကဝက်အပြင်းဖျားရောဂါ (ASF) သည် ဝက်များကိုသာ အဓိကကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လူသားများသို့ လုံးဝ (လုံးဝ) မကူးစက်တတ်ပါ (Not zoonotic)။ သေဆုံးသွားသော ဝက်၏အသားကို စားသုံးမိခြင်းကြောင့် လူ၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခြင်းမရှိပါ။

(၂) **အစားအသောက်ဘေးကင်းလုံခြုံရေး (Food Safety)** – ဗိုင်းရပ်စ်ကိုယ်တိုင်က လူကိုမကူးစက်သော်လည်း ရောဂါဖြစ်ပွားသော ဝက်သားများတွင် အခြားသောဗက်တီးရီးယား ပိုးမွှားများ တွဲဖက်ပါရှိလာနိုင်ခြေရှိသဖြင့် သံသယရှိသည့် အသားနှင့် အသားထွက်ပစ္စည်းများကို ဝယ်ယူစားသုံးခြင်း မပြုပါရန်နှင့် ဝယ်ယူရာတွင်လည်း သန့်ရှင်းလတ်ဆတ်မှုကို ဂရုစိုက်ရန်နှင့် စားသုံးရာတွင် အပူချိန်လုံလောက်စွာပေး၍ အနည်းဆုံး 70°C နှင့်အထက်ဖြင့် ကျက်အောင် (စနစ်တကျ) ချက်ပြုတ်စားသုံးကြရန် လိုအပ်ပါသည်။

(၃) **ဈေးကွက်အတွင်း စစ်ဆေးမှုများ** – သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု ကွင်းဆက်တစ်လျှောက်တွင် ကျန်းမာရေးစစ်ဆေးမှုများကို အထူးကြပ်မတ် လုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့်အသားများကို လုံလောက်စွာအပူပေး၍ ချက်ပြုတ်စားသုံးကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန







## ထာဝရ ကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

### မိဘအမည်မှန်

နောင်ချိုမြို့နယ်၊ သုံးဆယ် အထက Grade–4 မှ မခင်ပြည့်စုံအောင်၏ မိဘအမည်မှန်မှာ ဦးဇော်ဝင်းအောင်[၉/မထလ(နိုင်)၂၁၄၅၈၉]နှင့် ဒေါ်မေဝင်းအောင် [၁၃/နခတ(နိုင်)၀၆၀၃၈၆] ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းအောင်+ဒေါ်မေဝင်းအောင်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၈–၃၂)၊ ဦးပိုင်အမှတ်(၈၃)၊ ၄၆ x ၄၇ကြား၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ ဦးတင်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၁၃/၂၀၁၁)ဖြင့် အမွေဆက်ခံခဲ့သူ ဦးဇော်မင်းဦး၏(GP ရရှိသူ ဒေါ်ရန်ချုံမိတ်(ခ)ကြည်မြင့်) ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၂၃၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီထွန်း [၉/မရမ(နိုင်)၀၀၅၅၇၀]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၈၉/၂၀၂၆–၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

ဘားအံ စက်တင်ဘာ ၁၃

ကရင်ပြည်နယ်အတွင်း ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးရုံး၌ကျင်းပရာ ကရင်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောမျိုးမြင့်၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစယဉ်ငွေးတို့ တက်ရောက် အမှာစကားပြောကြားသည်။



ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဒေသတွင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရေကြောင်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သဘာဝဘေးနှင့် မိုးလေဝသဆိုင်ရာဂရုပြုရမည့်အချက်များကို အသိပညာပေးဆွေးနွေးဟောပြောရာ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လှေပိုင်ရှင်လုပ်ငန်းရှင်များ၊ ရေကြောင်းအသုံးပြုသူများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာ ပြည်နယ်ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု၊ ရွာသစ်ကြီးကျေးရွာ၊ ခရေလမ်းရှိ ရွာမြေအမျိုးအစားထွက်ရှိထားသော အကျယ်ပေ(၂၁x၃၃)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဦးသန်းလွင်ဖြိုး[၁၂/ဒဂတ(နိုင်)၀၄၄၄၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးသိန်း[၁၂/လသယ(နိုင်)၀၄၄၁၀၈]၊ ဒေါ်ဇင်မာဝင်း[၇/တငန(နိုင်)၁၂၆၀၁၃]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဟေမာသက်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၈၂)
အမှတ်–(၁၂၈/၁၂၉)၊ ဝိဇ္ဇာလမ်း၊ (၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၇၅၀၀၈၄၄၅**




## ဖခင်အမည်အမှန်

စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မဖြူဇာဝင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးကံဝင်း [၅/ဆလက(နိုင်)၀၅၄၆၈၈] ဖြစ်ပါသည်။

## မှတ်ပုံတင်ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ (ဘ) ဦးသောင်း၏သား ကျွန်တော် အောင်ခိုင်ဖြိုး [၅/ရဥန(နိုင်)၀၈၂၄၆၆]သည် မှတ်ပုံတင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၉၇၅၃၂၈၂၀၉**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၄) သထုံကျောင်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-12 တန်းခွဲ(A) မှ နန်းရွှန်းလဲ့လဲ့ထွန်း၏ မိခင်အမည်မှန်မှာ နန်းရီရီမြင့်[၁၀/ပမန(နိုင်) ၁၀၁၄၆၈] ဖြစ်ပါကြောင်း။

**နန်းရီရီမြင့်**
**[၁၀/ပမန(နိုင်)၁၀၁၄၆၈]**

## Lawyer Thet Swe Mon (Facebook/Tik Tok Account)

**(Thet Swe Mon Facebook Account)** အတုများနှင့် စပ်လျဉ်း၍အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ Facebookနှင့် Tik Tok Accountအတုတို့ဖြင့် ကျွန်မ ဒေါ်သက်ဆွေမွန် (၁၄/ကပန(နိုင်)၂၀၀၇၆၅) ၏ကိုယ်စိတ်နှစ်ပါးနှင့် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အခြားသော Social Media Platform တို့တွင် မဟုတ်မမှန်သည်များကို ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ကျွန်မ၏ ရှေ့နေဓါတ်ပုံများ အခြားရှေ့နေများ၏ ဓါတ်ပုံများ၊ Video များတင်ကာ Comment များရေးသား၍ Like and Share များပြုလုပ်နေကြောင်း တွေ့မြင်တွေ့ရှိရပါသည်။

ယင်းကိစ္စရပ်များသည် ကျွန်မဒေါ်သက်ဆွေမွန် သိရှိခြင်းလည်း မရှိ ဆောင်ရွက်ခြင်းလည်း မရှိပါ။ ယင်းကဲ့သို့ လုပ်ဆောင်နေခြင်း ကိစ္စရပ်အပေါ် စုံစမ်းရှာဖွေဖော်ထုတ်၍ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေသည်ဖြစ်ပါ၍ ယင်း Accountအတုတို့တွင် Like and Share များ၊ Comment များရေးသားခြင်း မပြုလုပ်ကြပါရန်နှင့် လုပ်ဆောင်နေသူများ၊ အားပေးအားမြှောက်ပြုသူများ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သက်ဆွေမွန်
၁၄/ကပန(နိုင်)၂၀၀၇၆၅

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၁၊ မြေကွက်အမှတ် - ၆၂၉၊ မြေကွက် တည်နေရာအမှတ်-၆၂၉၊ ဗိုလ်ဉာဏလမ်း၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးမြ) (HGN-၀၅၀၂၆၉) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးမြကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ် - ၆၁၄၂/၂၀၁၉ (၄-၆-၂၀၁၉)ဖြင့် ဒေါ်တင်အေး [၁၂/ဒဂမ(နိုင်)၀၄၅၄၆၅]မှ ပိုင်ဆိုင်ပြီး ၂၀၁၈ ခုနှစ်တွင် အရောင်းမြေပုံလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်ပြီး ဒေါ်တင်အေးမှ အရောင်းမြေပုံအား ထုတ်ယူခဲ့ပြီး အရောင်းမြေပုံမှာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ ယင်းအရောင်းမြေပုံအား အရောင်းအဝယ်ပြုလုပ်ထားခြင်းမရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ၎င်းမှ တာဝန်ယူဖြေရှင်းပေးမည် ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြလာပြီး ပိုင်ဆိုင်စာချုပ်အမှတ် (၆၁၄၂/၂၀၁၉) (၄-၆-၂၀၁၉) နှင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ သဇင်(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၇၃၃)၊ အကျယ်အဝန်းဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ၁။ဦးကောင်းထွဋ်ဇော် [၁၂/မရက(နိုင်)၁၃၈၁၉၃]၊ ၂။ဦးနေထွန်းသိန်း(ခ)နေရဲအောင်[၁၂/မရက(နိုင်)၁၃၈၁၉၂]တို့အမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်ထားသူများထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၈၇၄/၂၀၁၆)အရ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမြထွန်း[၁၂/ ဗတထ(နိုင်)၀၀၇၀၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသိန်း(B.A,PGDL) အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)**
**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ Ph -၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်းရှိ အမှတ်(၄၉၉)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ လူနေရပ်ကွက်အမှတ်-(၂၅)၊ မြေကွက်အမှတ်-(၄၉၉)၊ အကျယ်အဝန်း(၄၆x၆၀)ပေ ဧရိယာ(၀.၀၆၃)ဧကရှိသော အပိုင်ရောင်းသူ ဦးကျော်နိုင်လင်း [၁၂/ဒဂတ(နိုင်)၀၃၆၄၆၈]အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံကတိပြု ပြောဆိုကမ်းလှမ်းလာသူ ဦးကျော်နိုင်လင်း [၁၂/ဒဂတ(နိုင်)၀၃၆၄၆၈] အမည်ပေါက်ဖြစ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းဦး [၁၂/ဒဂန(နိုင်)၀၀၀၀၅၉]နှင့် ဒေါ်ဥမ္မာဦး [၁၂/ဒဂန(နိုင်)၀၂၅၇၅၃] တို့က အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင်( LL.B )**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၉၀၃၅ )**
**ရုံး-အမှတ်( ၄၉၃ )၊ ပထမအထပ်၊နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၈၀၃၄၆၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/9297၊ အမျိုးအမည်၊ CQ-125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစိုးသန်း မှတ်ပုံတင်အမှတ် [၅/မရန(နိုင်) ၂၂၁၃၅၉] မှ ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 40W/44171၊ အမျိုးအမည်၊ Honda Click-125၊ အမျိုးအစား-M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းထွန်း၊ မှတ်ပုံတင်အမှတ် [၉/အမရ(နိုင်) ၀၉၀၀၀၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၅၀၇/ခ)ဟုခေါ်တွင်သော (၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ခင်သောင်း(AA-၀၅၄၈၉၄) အမည်ပေါက်ပါမစ် မြေကွက်၏ တရားဝင်ခွဲစိတ်ခြင်း မပြုရ သေးသော (၁၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်(မိတ္တူခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ဆက်စပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မာမာအောင်[၁၂/သဃက(နိုင်)၁၇၂၁၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီကျော်[၁၂/ဒဂမ(နိုင်)၀၄၁၄၇၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဌေး(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၉)**

| | |
|---|---|
| **ဒေါ်လဲ့လဲ့ဌေး(LL.B)** | **ဒေါ်လပြည့်ဝတီမိုး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၆၇၉၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၉၅၇)** |

**အမှတ်(၉၅၄/က)၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၀၆၇၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၂)၊ ဦးပိုင်အမှတ်(၇၁)၊ ၄၆x၄၇ကြား၊ ၁၀၉ x ၁၁၀လမ်းကြားရှိ ဦးစောလင်း အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉၂၀/၂၀၀၈) ဖြင့် အမွေဆက်ခံခဲ့သူ ဦးနှင်းကို ၏(GPရရှိသူ ဦးကျော်ဝင်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၂၃၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီထွန်း[၉/မရမ(နိုင်)၀၀၅၅၇၀] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၈၈/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၁၆၃/က)နေ ဦးခင်ဇော်(ဘ)ဦးမြဝင်း[၁၂/ကမန(နိုင်) ၀၄၃၀၆၀]၏ သားဖြစ်သူ မောင်မိုးဟိဏ်းခိုင် (ဘ)ဦးခင်ဇော်[၁၀/မလမ(နိုင်) ၂၈၈၀၉၂]သည် ဖခင်၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ ဖခင်ကြီးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ လူမှုရေးသော်လည်းကောင်း၊ ငွေကြေးအရှုပ်အရှင်းသော်လည်းကောင်း ဖခင်ဖြစ်သူ ကျွန်ုပ်မိတ်ဆွေအနေဖြင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးခင်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါမွန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၂၂)**
**အမှတ်(၆၈၅)၊ မြေညီထပ်(A)သော်ကလမ်း၊ (၁)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၃၆၃၀၉၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ ပိုင်း)မြို့ နယ်၊ မြေတိုင်းရပ်ကွက်(၁၅၆)၊ ဦးရွှေမောင်လမ်း၊မြေကွက်အမှတ်(၇၀၄)ရှိ ဦးသိန်းဝင်း[၁၂/သဃက(နိုင်) ၀၆၇၈၈၃] (စာအမှတ်-၄၀၂)ပါမစ်မူရင်းအမည်ပေါက် (၄၀x ၆၀)ပေ မြေကွက်နှင့် အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးရန်အောင်စိုး(ခ)အောင်အောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးသန့်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ရွှေဟသ်ာကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်လမ်းနှင့် ရွှေဟင်္သာလမ်းထောင့်၊ ငွေလရောင်တာဝါ(B)၊ (၄)ခန်းတွဲ (၁၅)ထပ်တိုက်၊ (၁၁)ထပ်၊ အခန်းအမှတ်(၁၁၀၈)၊ အကျယ်အဝန်း(၂၁၅၆)စတုရန်းပေရှိ ဦးဇော်ထွန်းဦး[၁၂/စခန(နိုင်) ၀၀၀၈၄၂] အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ကိုယ်တိုင်မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွေဦးလွင် [၁၂/ကတတ(နိုင်)၀၀၂၀၄၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၀၉/၂၀၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဗ-၉)၊ ဦးပိုင်အမှတ်(၁၃)၊ ၅၈x၅၉ ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးရွှေယောက်(ခ)ညီညီနိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၃၈/၁၉၉၈)ဖြင့်ဝယ်ယူခဲ့သော ဦးပြေသိန်း [၉/မရတ(နိုင်)၀၅၅၅၆၃]၊ ဒေါ်မြင့်မြင့်အေး[၉/မရတ(နိုင်) ၀၅၅၅၆၄]တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၉၉/၂၀၂၆-၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၅)၊ ဦးပိုင်အမှတ်(၅၉)၊ ၆၉x၇၀ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်လှထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၇၅/၂၀၂၅)ဖြင့်ဝယ်ယူခဲ့သူ ဦးကျော်ဝင်း[၉/မရမ(နိုင်)၀၅၇၃၄၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၀၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၄)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၂၇လမ်း၊ ၈၆ x ၈၇ လမ်းကြားရှိ ဦးကိုကိုမောင် မည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၃၉/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အေးမြတ်ခိုင် [၉/မနတ(နိုင်)၀၁၂၁၀၀]၊ ဦးအောင်စိုးမိုး [၉/မနတ(နိုင်)၀၀၀၇၀၄]တို့က အမှုတွဲအမှတ်[၀၁၄၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇]ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ်(၈၀)၊ ၅၉x၆၀ ကြား၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီဦး၏ (GP ရရှိသူ ဦးစန်းထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၀၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဟွမ်ဆွေချန်း(ခ)အေးခင် [၁၃/ကခန(နိုင်) ၀၁၂၃၄၁]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၀၁/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာ စီမံကိန်းအပိုင်း(၃)နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာစီမံကိန်းတို့တွင် အိမ်ရာအဆောက်အဦ(၃၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| | |
|---|---|
| တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | – (၁၄–၉–၂၀၂၆) မှ (၂၅–၉–၂၀၂၆) ထိ(ရုံးချိန်အတွင်း) |
| တင်ဒါနောက်ဆုံးတင်သွင်း ရမည့်ရက်/ အချိန် | – ၁–၁၀ –၂၀၂၆ (ကြာသပတေးနေ့) (မွန်းလွဲ ၁၅:၀၀ နာရီ) |
| တင်ဒါဖွင့်မည့်ရက်၊ အချိန် | – ဆက်သွယ်အကြောင်းကြားပါမည်။ |
| တင်ဒါလျှောက်လွှာပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ | – အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် |

(အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇–၃၄၀၇၅၂၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၇/ အရှေ့၊ ယုဇနလမ်း၊ မြေကွက်အမှတ်–(၁၃၂/A)၊ မြေဧရိယာ(အလျား၄၀ပေx အနံ၆၀ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ ဒုတိယထပ် (၃)လွှာ(ခြေရင်းခန်း) ဧရိယာ(၉၁၈)စတုရန်းပေရှိ ရေ၊ မီးအပြည့်အစုံတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံး တို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် လွှဲပြောင်းဝယ်ယူထားသူ ဦးရဲလင်း [၁၂/ကမတ (နိုင်)၀၅၀၅၂၁]က မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးပြည့်ဖြိုးအောင် [၁၂/ဒလန(နိုင်) ၀၄၁၅၉၂]နှင့် ဒေါ်ရွှေစင်ဖြိုး [၈/ခမန(နိုင်)၁၆၈၈၃၆]တို့က အထက်ပါတိုက်ခန်းအား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချသူ ဦးရဲလင်း[၁၂/ကမတ(နိုင်) ၀၅၀၅၂၁]ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်နှင့် ဒေါ်ရွှေစင်ဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇင်နိုင် (LL.B) D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၄၀၉၂)**
**အမှတ်(၉၅၁)၊ အောင်သုခလမ်း၊ ၆/အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၄၈၆၅၅၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ညောင်တပင် လမ်း၊ မြေကွက်အမှတ်–ဆ/၂၀(ခ)ဟု ခေါ်တွင်သော အလျား(၅၅)ပေxအနံ (၁၅)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ထပ်နေအိမ်အဆောက်အဦ၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ဆိုသူ ဒေါ်တင်တင်ရီ[၁၂/အစန(နိုင်)၀၈၈၇၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အိမ်ခြံမြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက် အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အုံးအုံး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၁၀၆)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၅၈၇၇၂၁၄**

## "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်နွဲ့[၁၂/ဥကမ(နိုင်)၁၉၂၂၀၃] သည် "ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ (၈)ရပ်ကွက်၊ အောင်တော်မူ(၂)လမ်း၊ မြေကွက်အမှတ်–(၂၇၂/က) ဟုခေါ်တွင်သော အကျယ်(၂၂x၆၀)ပေရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဒေါ်ခင်ပြုံးရည် [၁၂/ရပသ(နိုင်)၀၄၉၆၀၂]" ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်း အဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဥ္ဇာသိန်း (LL.B) (စဥ် – ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဥ်–၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၃၁/၃၃)ဟုခေါ်တွင်သော မြေကွက်ပေါ်၌ဆောက်လုပ်ထားသော တိုက်၏ တတိယထပ်၊ (၄–လွှာ)၊ အကျယ်အဝန်း (၃၀'x၆၀')တိုက်ခန်းနှင့် အကျယ်အဝန်း(၃၀'x၁၀')ခန့်ရှိ ဒါဘာ(ထပ်ခိုး)အပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးလှဝင်း[၁၂/လသန(နိုင်)၀၂၁၁၀၈]က အဆိုပါတိုက်ခန်းကို မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါတိုက်ခန်းအား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင် (LL.B, DBL, DIL, DML)**
**အထက်တန်းရှေ့နေ (စဥ်–၃၈၈၈၆)**
**အမှတ်–၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ်(၁၉၉ᵉ) ဦးထိန်လင်းအမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက် ဧရိယာ(၀.၁၀၇)ဧကအနက်မှ ဧရိယာ(၀.၀၅၃)ဧကအား ဦးထိန်လင်း(ဘ)ဦးမောင်ကြွယ် [၆/ရဖန(နိုင်)၀၀၂၃၀၂]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဇင်ရတနာထွန်း(ဘ)ဦးတင်ထွန်း[၉/တကန(နိုင်)၁၆၈၀၃၅]နှင့် ဦးပိုင်ခွဲ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၆၈၉)၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဦးကျော်မြင့် [၁၃/ရစန(နိုင်)၀၀၂၁၄၂]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်စမ်းသီတာ[၁၃/ ရစန(နိုင်)၀၀၂၁၂၇]အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း–၂)၊ မြေကွက်အမှတ်(၅၆၂–ဘီ)၊ဧရိယာ(၀.၀၅၅)ဧကရှိ ဦးခင်မောင် မောင်ခိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်ရီရီမြင့် (ဘ)ဦးမောင်မောင်[၉/ပမန(နိုင်) ၀၃၀၅၀၂]နှင့်သားဖြစ်သူ ဦးပြုံးမောင်မောင်(ဘ)ဦးခင်မောင်မောင်ခိုင်[၉/ပမန (နိုင်)၁၄၅၃၁၉]တို့မှ မြေငှားစာချုပ်၊ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ်(၂၄၁/၂၀၂၆)၊ သေဆုံးကြောင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/နတ်သျှင်နောင်၊ ဦးပိုင်အမှတ်(၁၈၆)၊ဒေါ်ခင်မြင့် အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက် ဧရိယာ(၀.၁၀၀)ဧကအား ဒေါ်ခင်မြင့် (ဘ)ဦးဆတ္တား[၉/တကန (နိုင်)၀၉၅၃၄၉]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများ တင်ပြပြီး ဦးစိုးဇော်ထွေး(ဘ)ဦးဟာမြင့်[၉/တကန(နိုင်)၁၁၈၁၅၈] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်အမှန်

ဦးမင်းသီဟ၏သား ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (THIHA) ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–6 မှ မောင်တည်ကြည်ထက်မြတ်မင်း၏ အမည်မှန်မှာ မောင်တည်ကြည်ထက်မြက်မင်း ဖြစ်ပါကြောင်း။

ရွှေမိုးငွေမိုးအိမ်ခြံမြေ
ရောင်းဝယ်ရေး
ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်သည်။
09-763841094

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၂၄)၊ ဦးပိုင်အမှတ်(၆၂)၊ ၅၂x၅၃ ကြား၊ ၁၂၃x၁၂၄ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးကျော်သိန်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်လုံးလုံး [၉/ပသက(နိုင်)၀၁၅၂၁၃]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၅၃၃)၊ အကျယ်အဝန်း–(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနနှင့် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဦးစီးဌာနတွင် ဦးကျော်ဟန်(ဝိုင်/အက်စ် အို–၀၅၂၅၃၂)အမည်ပေါက် တည်ရှိပြီး အဆိုပါမြေထဲမှတစ်ဝက်တိတိဖြစ်သည့် အမှတ်(၅၃၂)နှင့်ကပ်လျက်ဘက်ခြမ်း၊ အကျယ်အဝန်း(၂၀x၆၀)ပေ ခွဲစိတ်မြေကွက်လွှတ် (မူရင်း၂ရွက်ပါ)အား ယခုရောင်းချသူ ဒေါ်ယဉ်ယဉ်ထွေး[၁၂/သဃက(နိုင်)၁၆၆၂၄၀] သည် အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် မိမိတရားဝင်လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပါကြောင်း၊ တရားရုံးနှင့်တကွ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း ကြောင်း၊ လွတ်လပ်စွာ တစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်အေး[၈/မတန(နိုင်)၀၄၀၈၄၁]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆောင်ရွက် မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိမ့်ဖြူနိုင် (LL.B, DBL, DML)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၈၇၇)**
**အမှတ်(၃၀၅)၊တိုက်–(ဘီ–၁)၊ ဘုမ္မာ(၉)လမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း – ၀၉–၇၆၄၅၀၅၄၈၂၊ ၀၉–၅၅၀၅၄၈၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်တင်ဦး [၈/တတက(နိုင်)၀၀၇၄၇၈] ၏ Thet Tin Oo အမည်ဖြင့် facebook, Messenger Account , Viber No– 09– 501 4371 နှင့် Gmail Account ttowwreal@ gmail.com တို့သည် (၁၁–၉–၂၀၂၆)ရက်နေ့နံနက်မှစ၍ Hacked ခံခဲ့ရပါသည်။ အဆိုပါ Facebook, Messenger, Viber, Gmail တို့ဖြင့် ငွေချေးခြင်းများ၊ တည်ဆဲဥပဒေများအား ချိုးဖောက်သည့် ဖော်ပြချက်များ၊ ဓာတ်ပုံများ၊ ရုပ်ပုံများ၊ စာသားများ၊ ဖော်ပြခြင်းများကို ကျွန်ုပ်မိတ်ဆွေမှ ဆောင်ရွက်နေသကဲ့သို့ လူမှုကွန်ရက် စာမျက်နှာများတွင် ပျံ့နှံ့နေပါသည်။ ထိုသို့ပျံ့နှံ့နေသော ငွေချေးခြင်းများ၊ တည်ဆဲဥပဒေများအား ချိုးဖောက်သည့် ဖော်ပြချက်များ၊ ဓာတ်ပုံများ၊ ရုပ်ပုံများ၊ စာသားများအား ဖော်ပြခြင်းများသည် ကျွန်ုပ်မိတ်ဆွေမှ ပြုမူ ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အဆိုပါလူမှုကွန်ရက်များပေါ်တွင် ပျံ့နှံ့နေ သောကိစ္စရပ်များနှင့်ပတ်သက်၍ ဗိုလ်တထောင်မြို့နယ် ရဲစခန်း၌ ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရန် တိုင်ကြားထားပြီးဖြစ်ပါသည်။ ထို့ကြောင့် Thet Tin Oo အမည်ဖြင့် facebook, Messenger, Viber နှင့် Gmail Account တို့ဖြင့် ပြုမူဆောင်ရွက်နေသောဖော်ပြချက်များ၊ ဆောင်ရွက်ချက်များအပေါ် ကျွန်ုပ်မိတ်ဆွေအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ) LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၈၁၀၈)**
**အမှတ်–၁၄၇၊ ဒုတိယထပ်၊ လမ်း–၅၀ (အထက်)၊**
**၁၀–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁ ၈၄၀၄၂၊ ၀၉–၇၉ ၅၁၈၄၀၄၂**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၂)လမ်း၊ တိုက်အမှတ်(၂၀)၊ (၁)ခန်းတွဲ Hall (၃½/၅)ထပ်တိုက်အဆောက်အဦမှ (တတိယထပ်)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပပဝင်း[၁/တနန(နိုင်)၀၂၃၇၃၈]ထံမှ ဦးဘွေနှင်းထန် [၄/ဟခန(နိုင်)၀၀၃၀၂၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဘွေနှင်းထန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉–၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ မင်းရာဇာလမ်းသွယ်(၅)လမ်း၊ မြေကွက်အမှတ်(၁၅)၊ (၂၀ ပေx ၆၀ ပေ)၊ အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်အမှတ်(၁၆)၊ (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ မြေကွက်(၂)ကွက်အား အရောင်းအဝယ်ပြုလုပ်ပြီးစီးကြောင်း အများသိစေရန်

အထက်လိပ်စာပါမြေကွက်(၂)ကွက်ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်လှ [၁၂/အစန(နိုင်)၁၅၉၈၅၂]ထံမှ ဦးမျိုးမင်းနိုင် [၁၂/အစန(နိုင်)၂၅၉၈၉၀]က (၆–၉–၂၀၂၆) ရက်နေ့တွင် မြေကွက်(၂)ကွက်၏ တန်ကြေးငွေအားလုံး အပြေအကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူပြီး အဆိုပါမြေကွက်(၂)ကွက်ကို (၆–၉–၂၀၂၆) ရက်နေ့ ကတည်းကပင် လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း၊ ယင်းမြေကွက်၏ ပိုင်ရှင်သည် ဦးမျိုးမင်းနိုင်တစ်ဦးတည်းသာဖြစ်ပါကြောင်း၊ ၎င်းမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်သည်ဟု ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**ဦးမျိုးမင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉–၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဥသျှောင်မြို့သစ် (၉) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၂၄ က) ညောင်အင်းအနောက်မြောက်၊ ဦးပိုင်အမှတ် (၂၁/၂–ခ၊ ၂၁/၃–ခ)၊ မြေမျိုးနှင့်အတန်း–စက်ရုံမြေ၊ ဧရိယာ(၇.၀၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိန်မင်း [၁၂/ အလန(နိုင်)၀၁၈၅၄၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက် စာတမ်း(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဆန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၄၀၆၈၀၈**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး ယနေ့စတင်မည်ဖြစ်ပြီး မြန်မာအသင်း တောင်ကိုရီးယားနှင့် စတင်ကစားရမည်

ရန်ကုန် စက်တင်ဘာ ၁၃

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၁၄ ရက်တွင် စတင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အာရှထိပ်သီး တောင်ကိုရီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်း ပါဝင်မည်ဖြစ်ပြီး လေးသင်း သုံးအုပ်စုခွဲ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် အိမ်ရှင်ဂျပန်၊ တရုတ်တိုင်ပေ၊ ဗီယက်နမ်၊ ထိုင်း၊ အုပ်စု(B)တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အုပ်စု (C) တွင် တရုတ်၊ ဖိလစ်ပိုင်၊ ဥဇဘက်ကစ္စတန်နှင့် ဟောင်ကောင်အသင်းတို့ ပါဝင်သည်။ အုပ်စုပထမနေ့တွင် တရုတ်တိုင်ပေနှင့် ဗီယက်နမ်၊ အိမ်ရှင် ဂျပန်နှင့် ထိုင်း၊ တောင်ကိုရီးယားနှင့် မြန်မာ၊ မြောက်ကိုရီးယားနှင့် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်နှင့် ဥဇဘက်ကစ္စတန်၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✤




ယနေ့ ဖတ်စရာ

တရားမဝင် Online လောင်းကစားဂိမ်း ဦးဆောင်လုပ်ကိုင်သူ (Senior Agent) များအား ဖော်ထုတ်ဖမ်းဆီး — စာမျက်နှာ ၁၄

သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးနှင့် ကြိုတင်ကာကွယ်နိုင်စေဖို့ စီမံခန့်ခွဲဆောင်ရွက်စို့ — စာမျက်နှာ ၁၅

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည် — စာမျက်နှာ ၂၅


# M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်စီးတီးအသင်း နိုင်ပွဲရရှိ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်တို့က ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့က အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၄ နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၃ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပရာ ရန်ကုန်စီးတီးအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ရာသီအစတွင် ရုန်းကန်ခဲ့ရသည့် ရန်ကုန်စီးတီးအသင်းသည် နောက်ပိုင်းပွဲများတွင် ကစားပုံတည်ငြိမ်လာပြီး ရလဒ်ကောင်းရယူနိုင်သလို ယခုပွဲတွင်လည်း နိုင်ပွဲထပ်မံရယူကာ ခြောက်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ရန်ကုန်စီးတီး အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ၅၁ မိနစ်တွင် စိုးသီဟဇော်၊ ၉၀+၃ မိနစ်တွင် ထက်အာကာဝင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်စီးတီး ဂိုးသမား ကောင်းကင်ကြယ်က ရရှိပြီး အမှတ်တရဆုနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ★



ရန်ကုန်စီးတီးအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။



# ONE SAMURAI 3 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဟာလိန်းအွမ် (ခ) အောက်ချင်းလေး အရေးနိမ့်

ရန်ကုန် စက်တင်ဘာ ၁၃

စက်တင်ဘာ ၁၂ ရက်က ဂျပန်နိုင်ငံ၌ကျင်းပသည့် ONE SAMURAI 3 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဟာလိန်းအွမ် (ခ) အောက်ချင်းလေး ဝင်ရောက်ယှဉ်ပြိုင်ရာ ရှုံးပွဲကြုံတွေ့ခဲ့သည်။

အောက်ချင်းလေးသည် Main Event အဖြစ် အိမ်ရှင် ဂျပန်ဖိုက်တာ နာဒါကာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး အမှတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို ကစ်ဘောင်ဆင်စည်းမျဉ်းဖြင့် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး အောက်ချင်းလေးအနေဖြင့် အကောင်းဆုံးပုံစံပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ✻



# ဆန်းဒါးလန်းအသင်းကို အနိုင်ရပြီး အာဆင်နယ်အသင်း ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ် (၄) ရဲ့ စက်တင်ဘာ ၁၂ ရက် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဆန်းဒါးလန်းအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ အာဆင်နယ်အသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။

ဆန်းဒါးလန်းအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ဂျီမာရေ့စ်က တစ်ဂိုး၊ ဆာကာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဆန်းဒါးလန်းအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အိမ်ရှင်ဆန်းဒါးလန်းအသင်းကတော့ ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုခြောက်မိနစ်မှာ မန်ဒါဗာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဆန်းဒါးလန်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ လေးပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ ရမှတ် ၁၂ မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဆန်းဒါးလန်းအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်မှာ ပင်နယ်တီသွင်းဂိုး ရရှိခဲ့ပေမယ့် ကန်ဇိုလီဖီးရဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪